ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ရက်၊ သောကြာနေ့၊ (24-6-2005) (၄၆၃၆)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြည့်ရှု စစ်ဆေး

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ရန်ကုန်မြို့ ဘုရင့်နောင်လမ်းရှိ အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၀၅) ကိုယ်စားလှယ်အစုအဖွဲ့ အလိုက် နှီးနှောဖလှယ်ပွဲများ ကျင်းပမည့်ခန်းမများကို ကြည့်ရှု စစ်ဆေးစဉ်။

(သတင်းစဉ်)

အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ(၂၀၀၅) ကျင်းပရေးဆိုင်ရာ လုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှုများ ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် ဇွန် ၂၃

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ(၂၀၀၅) ကျင်းပရေးဆိုင်ရာ လုပ်ငန်းများ ကြိုတင်ပြင်ဆင် စီစဉ်ဆောင်ရွက်ထားမှုများကို ယနေ့ညနေပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်မှ တာဝန်ရှိသူများလိုက်ပါလျက် ညနေ ၅နာရီတွင် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာသို့ ရောက်ရှိလာရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း(အငြိမ်းစား)နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ(၂၀၀၅) ကျင်းပရေးကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့မှဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❁



မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅)သို့ တက်ရောက်ရန် ပြည်နယ်နှင့်တိုင်းများမှ ညီလာခံ ကိုယ်စားလှယ်များ ခတင်ရောက်ရှိ

ရန်ကုန် ဇွန် ၂၃

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ(၂၀၀၅)သို့ တက်ရောက်ရန် ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့မှ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ(၂၀၀၅) ကိုယ်စားလှယ်များသည် ယနေ့မွန်းလွဲပိုင်းနှင့် ညနေပိုင်းတို့တွင် လေကြောင်းခရီးစဉ်များဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

ကြိုဆိုနှုတ်ဆက်

ထိုသို့ရောက်ရှိကြရာတွင် ရခိုင်ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးခင်မောင်သန်း ခေါင်းဆောင်သော ရခိုင်ပြည်နယ်မှ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံကိုယ်စားလှယ်များသည် မွန်းလွဲ ၂နာရီတွင်လည်းကောင်း၊ တနင်္သာရီတိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမျိုးညွန့် ခေါင်းဆောင်သော တနင်္သာရီတိုင်းမှ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံကိုယ်စားလှယ်များသည် ညနေ ၅နာရီခွဲတွင်လည်းကောင်း လေကြောင်းခရီးစဉ်များဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့မှ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ(၂၀၀၅) ကိုယ်စားလှယ်များအား မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ(၂၀၀၅) ကျင်းပရေး၊ ဖိတ်ကြားရေး၊

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✡

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၄–၆–၂၀၀၅
(သောကြာနေ့)

မိုးစပါးစိုက်ကေပြည့်မီကျော်လွန်ရေး ကြိုးပမ်း ဝါမျိုးကောင်းမျိုးသန့်များ တိုးချဲ့စိုက်ပျိုး

နိုင်ငံတော်အစိုးရက စီးပွားရေး၏အခြေခံ လယ်ယာကဏ္ဍထုတ်လုပ်မှု တိုးတက်စေရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေ ဖူလုံစွာ ရရှိရေးနှင့် ဒေသအလိုက် စိမ်းလန်းစိုပြည်ရေးတို့အတွက် ဆည်တမံများ၊ မြစ်ရေတင်စီမံကိန်းများကို စဉ်ဆက်မပြတ် တည်ဆောက်ပေးလျက် ရှိနေပေသည်။

အထူးသဖြင့် ပူပြင်းခြောက်သွေ့သောဒေသများတွင် ဆည်တမံကြီးများနှင့် ရေလွှဲဆည်များ၊ ရေလှောင်တမံငယ်များနှင့် မြစ်ရေတင်စီမံကိန်းများစွာတို့ကို တည်ဆောက်ဖြည့်ဆည်းပေးနေကြောင်း တွေ့ရသည်။ ယင်းကဲ့သို့ ဒေသအလိုက် ဆည်တမံများကို တည်ဆောက်ပေးလျက်ရှိရာ ယခင်ကာလများက မိုးရွာသွန်းမှုကိုသာ မျှော်ကိုးစိုက်ပျိုးခဲ့ရသော ဒေသများတွင် ယခုအခါသီးနှံများ အောင်မြင်စွာ စိုက်ပျိုးဖြစ်ထွန်းနေပြီဖြစ်သည်။

နိုင်ငံတော်က စီမံကိန်းကြီးများကို အကောင်အထည်ဖော်ဆောင်ရွက်နေသကဲ့သို့ ဒေသဆိုင်ရာအဖွဲ့အစည်းများအနေဖြင့်လည်း လတ်တလောစိုက်ဧက တိုးတက်လာစေရေးအတွက် မိမိတို့ဒေသအတွင်းရှိ ဆည်ငယ်၊ ကန်ငယ်များကို ပြုပြင်ထိန်းသိမ်းပေးခြင်းဖြင့် စိုက်ပျိုးဧကများ ပိုမိုတိုးတက်လာနိုင်မည်ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်းခရီးစဉ်အတွင်း ဇွန်လ ၂၀ ရက်နေ့က မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပသည့် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေ ရရှိရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်ပြီး မန္တလေးတိုင်းအနေဖြင့် မိုးစပါးစိုက်ဧကပြည့်မီရေး၊ ဝါမျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးရေး၊ မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

နိုင်ငံတော်က မိတ္ထီလာခရိုင်နှင့် ပခုက္ကူခရိုင်တို့တွင် ဒေသဝမ်းစာဖူလုံရေးအတွက် လုပ်ငန်းအစီအမံများကို ချမှတ် ဖော်ဆောင်လျက်ရှိရာ စိုက်ပျိုးရေရရှိမှုနှင့်အတူ နှမ်းစပါးနှင့်အခြားသီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်လျက်ရှိသည်။

ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်တွင် ၂၀၀၅–၂၀၀၆ ခုနှစ်အတွက် မိုးကြိုချည်မျှင်ရှည်ဝါများ စိုက်ပျိုးလျက်ရှိရာ ဧကတစ်သောင်းကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

မြစ်သားမြို့နယ်အတွင်းရှိ သစ်တက်ကုန်း ရေလွှဲဆည်မှ စိုက်ပျိုးရေများ ပေးဝေလျက်ရှိရာ နှမ်းစပါးအပါအဝင် နှမ်းသီးနှံများ စိုက်ပျိုးအောင်မြင်လျက်ရှိသည်။ သစ်တက်ကုန်းဆည်ရေဖြင့် ယခင်က သီးနှံဧက ၅၀၀၀ သာ လျာထားစိုက်ပျိုးခဲ့ရာမှ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ သီးနှံစိုက်ဧက ၆၀၀၀ တိုးချဲ့၍ စိုက်ဧက စုစုပေါင်း ဧကတစ်သောင်းကျော် စိုက်ပျိုးနိုင်ရေး ကြိုးပမ်းလျက်ရှိသည်။

မိတ္ထီလာခရိုင် ရေရရှိရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက်လည်း မြို့ကြီးရေလှောင်တမံစီမံကိန်းအပါအဝင် ရေရရှိရေး အစီအမံများကို အကောင်အထည်ဖော်လျက်ရှိကြောင်း တွေ့ရသည်။ မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကုန်းရွာအနီးတွင် မိတ္ထီလာလွင်ပြင် ရေရရှိရေးအတွက် လျှပ်စစ်မြစ်ရေတင် စီမံကိန်းအမှတ်(၁) ရေတင်စခန်းကို အကောင်အထည်ဖော်လျက်ရှိရာ ပင်မမြောင်းများအား စက်ယန္တရားများဖြင့် တူးဖော်လျက်ရှိပြီး ယခုအခါ ပင်မမြောင်းအရှည်ပေ ၄၃၀၀ တူးဖော်ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ စီမံကိန်းပြီးစီးပါက ဇော်ဂျီ (မြို့ကြီး) ရေလှောင်တမံမှ ကင်းတားဆည်သို့ ပို့လွှတ်ပေးသောရေကို လျှပ်စစ်မြစ်ရေတင် စက်ကြီးများဖြင့် စုပ်တင်၍ စိုက်ပျိုးမြေ ဧက ၃၀၀၀၀ သို့ စိုက်ပျိုးရေများ ပေးဝေသွားနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍထုတ်လုပ်မှု မြင့်မားရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေး အကျိုးပြု ဆည်တမံပေါင်းများစွာကို တည်ဆောက် ဖြည့်ဆည်းပေးလျက်ရှိသည်နှင့်အညီ မန္တလေးတိုင်းအနေဖြင့် မိုးစပါးစိုက်ဧက ပြည့်မီကျော်လွန်ရေးနှင့် ဝါမျိုးကောင်းမျိုးသန့်များ တိုးချဲ့စိုက်ပျိုး ထုတ်လုပ်သွားနိုင်ရေးအတွက် ဆည်ရေကို အကျိုးရှိရှိ သုံးစွဲ၍ ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

White Rice စားသောက်ဆိုင် ဖွင့်ပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် တက်ရောက်ဖွင့်လှစ်

ရန်ကုန် ဇွန် ၂၃

ရန်ကုန်မြို့တော် ကန်တော်ကြီး သဘာဝဥယျာဉ် Central Forest Zone အတွင်း၌ တည်ဆောက်ပြီးစီးသွားသည့် White Rice စားသောက်ဆိုင် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၇နာရီခွဲတွင် အဆိုပါစားသောက်ဆိုင်ဝင်းအတွင်း၌ကျင်းပရာ ရန်ကုန်မြို့တော် ကန်တော်ကြီး သဘာဝဥယျာဉ်၊ ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့ တက်ရောက်ဖွင့်လှစ်ပေးကြသည်။

ရန်ကုန်မြို့တော် ကန်တော်ကြီး သဘာဝဥယျာဉ်၊ ပတ်ဝန်းကျင်နှင့် တိရစ္ဆာန် ဥယျာဉ်(ရန်ကုန်)ဘက်စုံ အဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ White Rice စားသောက်ဆိုင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(ရန်ကုန်တိုင်း)

တက်ရောက်

အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူနှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့တော် ကန်တော်ကြီး သဘာဝဥယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံ အဆင့်မြှင့် တည်ဆောက်ရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး အမှတ်(၄)စစ်ဒေသမှူး ဗိုလ်မှူးကြီး လှအေး၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး မောင်မောင်ရှိန်၊ White Rice စားသောက်ဆိုင်ပိုင်ရှင် ဦးကျော်စိန်နှင့် ဝန်ထမ်းများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ရန်ကုန် အရှေ့ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်နှင့် White Rice စားသောက်ဆိုင်ပိုင်ရှင်ဦးကျော်စိန်တို့က ဆိုင်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ် ပေးကြသည်။ ထို့နောက် ရန်ကုန်မြို့တော် ကန်တော်ကြီး သဘာဝဥယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံ အဆင့်မြှင့်တည် ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌတိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက White Rice စားသောက်ဆိုင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေး နံ့သာရည်များ ပက်ဖျန်းကြသည်။ ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်နှင့် တာဝန်ရှိသူများသည် ဆိုင်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)

ရွှေတိဂုံစေတီတော် စေတီယင်္ဂဏ အသင်းမှ သာသနာရေးဝန်ကြီးဌာနသို့ ဘာသာရေးစာအုပ်များ လှူဒါန်း

ရန်ကုန် ဇွန် ၂၃

ရွှေတိဂုံစေတီတော် စေတီယင်္ဂဏအသင်းမှ သာသနာရေးဝန်ကြီးဌာနသို့ ဘာသာရေးစာအုပ်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်ချီးမြှင့်၍ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်ဂုဏ်ပြုစကား ပြောကြားသည်။

အခမ်းအနားသို့ သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဒေါက်တာ မျိုးမြင့်နှင့် ဌာနဆိုင်ရာတာဝန် ရှိသူများ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံးမှ တာဝန်ရှိသူများ၊ အလှူရှင်များဖြစ်ကြသော ရွှေတိဂုံစေတီတော် စေတီယင်္ဂဏ အသင်း ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ သမ္မတ နိဗ္ဗာန်ကုန်နှင့် သက်န်းတိုက်မှ မိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူရှင်များ ဖြစ်ကြသော ရွှေတိဂုံစေတီတော်စေတီယင်္ဂဏအသင်း ကိုယ်စား အသင်းဥက္ကဋ္ဌ ဦးကျော်ရွှေ နှင့် အမှုဆောင် ဦးကျော်ဝေတို့က သာသနာရေးဝန်ကြီးဌာနသို့ ပိဋကသုံးပုံ၊ ပါဠိအဋ္ဌကထာဋီကာနှင့် ဂန္ထန္တရ ကျမ်းစာအုပ်များ စုစုပေါင်း ၆၀၂၃ အုပ်နှင့် ဗီရို၃၆လုံးတို့ကိုလည်းကောင်း၊ သမ္မတနိဗ္ဗာန်ကုန်နှင့် သက်န်းတိုက်ပိုင်ရှင် သီဟသုဓမ္မ မဏိဇောတဓရ သီရိသုဓမ္မမဏိဇောတဓရ ဦးသန်းနိုင်နှင့် ဇနီး သီဟသုဓမ္မသီဂီ ဒေါ်ကြည်ကြည်ဆွေတို့က သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံးရှေ့၌ အလှူမိနီယံမှန် တပ်ဆင်နိုင်ရေးအတွက် အလှူငွေကျပ်ခြောက်သိန်း ကိုလည်းကောင်း(ဝဲပုံ) ပေးအပ်လှူဒါန်းကြရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က လက်ခံယူပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က အလှူရှင်များအား ကျေးဇူးတင်ဂုဏ်ပြုစကား ပြောကြားပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို ဆုတောင်းကြ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်မှ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဇွန် ၂၃

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) နာယကချုပ်ဆရာတော်နှင့် သင်ကြားစီမံဆရာတော်များ၊ စာသင်သား သံဃာတော်များအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့် ဇနီး ဒေါ်ခင်အေးတို့အား အမှူးထား၍ ဝန်ထမ်းမိသားစုများက လှူဖွယ်ဝတ္ထုပစ္စည်းနှင့် တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မိုးကုတ်ဆွမ်းစားဆောင်၌ကျင်းပသည်။

ဆွမ်းဆက်ကပ်လှူဒါန်းပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့် ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်းနှင့် ဇနီး၊ ဝန်ကြီးဌာနနှစ်ခုအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) နာယကချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နာယကချုပ် ဆရာတော်နှင့် သံဃာတော်များအား ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ရှိ စာချ၊ စာသင်ဆရာတော် သံဃာတော်များအတွက် ဝန်ကြီးဌာနက လှူဒါန်းသော တစ်နေ့တာ ဆွမ်းအလှူတော်ငွေ ကျပ် ၃၄၁၅၀၀ကို ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက ပေးအပ်လှူဒါန်းရာ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်က လက်ခံယူပြီး မှတ်တမ်းတင်ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။

(သတင်းစဉ်)

ဇွန် ၂၂ ရက်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။ (သတင်း-ကျောဖုံး) (ပြည်ထဲရေး)

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ တာချီလိတ်ခရိုင်၌ အသင်းဝင်များနှင့်တွေ့ဆုံ

ရန်ကုန် ဇွန် ၂၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာဝန်ခံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေသည် ဇွန် ၁၇ရက်တွင် တာချီလိတ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အစည်းအဝေးခန်းမ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့်တွေ့ဆုံ၍ ကျေးရွာများသို့ ကွင်းဆင်းစည်းရုံး ဆောင်ရွက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးရေးတို့ကို မှာကြားပြီး အသင်းအတွက် မိတ္တူကူးစက်နှစ်လုံးကို ပေးအပ်သည်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၃-၆-၂၀၀၅)

မိုးကုတ်	၉ ဒသမ ၀၁ လက်မ
စစ်တွေ	၄ ဒသမ ၈၄ လက်မ
ပူတာအို	၂ ဒသမ ၄၄ လက်မ
ရွှေကျင်	၂ ဒသမ ၂၈ လက်မ။

နိုင်ငံတော် အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၅ခုနှစ်၊ ဇွန်လအတွက်

နောက်ဆုံးပတ် (တနင်္ဂနွေနေ့)

၂၆-၆-၂၀၀၅ ရက်နေ့

၂၀၀၅ခုနှစ်၊ ဇူလိုင်လအတွက်

(၁၀-၇-၂၀၀၅)ရက်နေ့

နှင့်

(၃၁-၇-၂၀၀၅)ရက်နေ့

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၆-၂၀၀၅ (သောကြာနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	တေးဂီတအစီအစဉ်
၇:၁၅	လက်ဆင့်ကမ်းဝေ ဂီတအမွေ
၇:၄၅	ပြည်တွင်းသတင်းအကျဉ်း
၇:၅၀	ချည်မျှင်ရှည်ဝါအထွက်တိုးနည်းပညာ
၈:၀၀	တေးဂီတအစီအစဉ်
၈:၀၅	ဗီဖြာကမ္ဘာ့ဖလား
၈:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၈:၄၀	တေးဂီတအစီအစဉ်
၈:၄၅	အမှတ်(၃) သတ္တုတွင်းလုပ်ငန်း
၉:၀၀	တေးဂီတအစီအစဉ်
၉:၀၅	ဂီတလွင်ပြင်
၉:၂၀	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅	ဖန်တီးသူတို့၏ စိတ်ကြိုက်လက်ရာများ
၉:၃၀	တေးဂီတအစီအစဉ်
၉:၃၅	ရွှေပွင့်လွှာ (မန္တလေးသိန်းဇော်)
၁၀:၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၁၀	တေးဂီတအစီအစဉ်
၁၀:၁၅	မနီတို့၏ရွာနှင့်သစ်တော
၁၀:၂၅	တေးဂီတအစီအစဉ်
၁၀:၃၀	ရှုချင်စရာ မျက်လှည့်ပဒေသာ
၁၀:၄၅	မိုးလေဝသအခြေအနေ
၁၀:၅၀	သံဂဟေအတတ်ပညာ
၁၀:၅၅	တေးဂီတအစီအစဉ်
၁၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၄)နာရီစာ အစီအစဉ်များကို ည ၂၃:၀၀နာရီ အထိ (၄)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ဝင်းရွှေ ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲက ကြီးမှူးကျင်းပသည့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ကျန်းမာရေးပညာပေးဟောပြောပွဲ ကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားစဉ်။

(ကျန်းမာရေး)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ကျန်းမာရေးပညာပေး ဟောပြောပွဲကျင်းပ

ရန်ကုန် ဇွန် ၂၃

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲက ကြီးမှူးကျင်းပသည့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ကျန်းမာရေး ပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် သီရိမင်္ဂလာလမ်းရှိ အမျိုးသားကျန်းမာရေးပြတိုက် အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ဝင်းရွှေ၊ ဒုတိယအဖွဲ့ခေါင်းဆောင် ပညာရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ပါမောက္ခ ဒေါ်ထူးထူးအောင်နှင့် ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ခရိုင်လေးခုနှင့် မြို့နယ် ၁၀မြို့နယ်တို့မှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ခြင်ကျားနှိမ်နင်းရေး

အခမ်းအနားတွင် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ဝင်းရွှေက ဟောပြောပွဲကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး(ငှက်ဖျား) ဒေါက်တာစောလွင်က သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှု အခြေအနေနှင့် သွေးလွန်တုပ်ကွေးရောဂါ ကူးစက်စေနိုင်သော ခြင်ကျားပေါက်ပွားပုံ၊ ပေါက်ပွားရာနေရာများနှင့် ခြင်ကျားနှိမ်နင်းရေးအတွက် ပိုးလောက်လမ်း နှိမ်နင်းရေးလုပ်ငန်းများအကြောင်းကိုလည်းကောင်း၊ ကျန်းမာရေးဦးစီးဌာန အမျိုးသမီးနှင့်ကလေးများ ကျန်းမာဖွံ့ဖြိုးရေးစီမံချက် လက်ထောက်မန်နေဂျာ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ဒေါ်ခင်မာအေးက သွေးလွန်တုပ်ကွေးရောဂါ လက္ခဏာများ၊ သွေးလန့်ခြင်းအတွက် အန္တရာယ်ရှိသည့် လက္ခဏာများနှင့် ဆေးရုံသို့ အချိန်မီညွှန်းပို့နိုင်ရန် လိုအပ်ပုံများကို လည်းကောင်း ရှင်းလင်းဟောပြော၍ ပညာပေး ပိုစတာများ၊ လက်ကမ်း စာစောင်များနှင့် လက်စွဲစာအုပ်ငယ်များကို ဝေငှသည်။

ထို့နောက် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ဝင်းရွှေက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဆန်လှူအသင်း သြဝါဒခံယူပွဲ

ရန်ကုန် ဇွန် ၂၃

ရန်ကုန်မြို့လုံးဆိုင်ရာ ပရိယတ္တိသာသနာ့နုဂ္ဂဟ ဆန်လှူအသင်းကြီး၏ သြဝါဒခံယူပွဲနှင့် နှစ်ပတ်လည် ညီလာခံကို ၁၃၆၇ခုနှစ် နယုန်လပြည့်ကျော် ၅ရက်၊ ဇွန် ၂၆ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင်ကျင်းပမည်ဖြစ်၍ အသင်းသူ၊ အသင်းသားများ ကြွရောက်ပါရန် ဖိတ်ကြားထားသည်။

(က-ပ)

ဇွန် ၂၂ရက်က သင်္ဃန်းကျွန်းမြို့နယ် (ခ)ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ကြိုးစက်ရုံလမ်းနှင့် ဥယျာဉ်လမ်းထိပ်ရှိ မြောင်းကျော် ကွန်ကရစ်တံတားခင်းကျင်းမှုနှင့် ရေနုတ်မြောင်းများဖောက်လုပ်မှုများကို ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်း၊ ရပ်ကွက်လမ်းဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ဦးလှအောင်နှင့်အဖွဲ့ဝင်များ လိုက်လံကြည့်ရှုစဉ်။ (၄၈၅)

ရုရှားအာကာသကုန်တင်ယာဉ် ပရိုဂရက် အာကာသစခန်းယာဉ်နှင့် ချိတ်ဆက်မိပြီ

မော်စကို ဇွန် ၂၁

ရုရှားအာကာသ ကုန်တင်ယာဉ် ပရိုဂရက် အမ်-၅၃ သည် အပြည်ပြည်ဆိုင်ရာ အာကာသစခန်းယာဉ် (အိုင်အက်စ်အက်စ်)နှင့် တနင်္ဂနွေနေ့ နံနက်စောစောပိုင်းက အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့ပြီဖြစ်ကြောင်း ရုရှား အာကာသထိန်းချုပ်ရေးစခန်းမှ ပြောကြားသည်။

လွှတ်တင်

ထိုအာကာသကုန်တင်ယာဉ်ကို ဇွန် ၁၇ ရက် နံနက် ၃နာရီ ၁၀မိနစ်က မြေပြင်စခန်းမှ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ ယင်းကုန်တင်ယာဉ်နှင့်အတူ အလေးချိန် ၂ ဒသမ ၅ တန်မျှရှိသော ရိက္ခာစသည့် ပစ္စည်းများသယ်ဆောင်သွားသည်။ ထို့အပြင် ရုရှားအာကာသယာဉ်မှူး ဆာဂျီကရီကာလ်ရောဗ်နှင့် အမေရိကန် အာကာသယာဉ်မှူး ဂျွန်ဖိလစ်တို့၏ မိသားစုများထံမှပါးလိုက်သော လက်ဆောင်ပစ္စည်းများကိုလည်း ယူဆောင်သွားကြောင်း သိရသည်။

၎င်းအာကာသယာဉ်မှူးနှစ်ဦးတို့သည် ဧပြီလကတည်းက အာကာသစခန်းယာဉ် အိုင်အက်စ်အက်စ်တွင် နေထိုင်ကာ တာဝန်ထမ်းဆောင်နေကြခြင်းဖြစ်သည်။

သယ်ဆောင်သွား

အာကာသ ကုန်တင်ယာဉ်သည် အောက်ဆီဂျင်ဓာတ်ပစ္စည်းအလေးချိန် ၁၁၁ ကီလို၊ လောင်စာနှင့် ရုရှားနှင့် ဂျပန်နိုင်ငံလုပ် သိပ္ပံကိရိယာများကိုလည်း တင်ဆောင်သွားသည်။ အာကာသစခန်းယာဉ် အိုင်အက်စ်အက်စ်တွင် တပ်ဆင်ထားသော အီလက်ထရွန်၊ အောက်ဆီဂျင် ဂျင်နရေးတင်းစနစ်မှာ ပျက်စီးသွားသည့်အတွက် ယင်းကိရိယာကို ပြင်ဆင်နိုင်မည့် စက်ပစ္စည်းများကိုလည်း သယ်ဆောင်သွားကြောင်း သတင်းများက ဖော်ပြသည်။

အမေရိကန် ကိုလံဘီယာ အာကာသ လွန်းပြန်ယာဉ်မှာ လွန်ခဲ့သောနှစ်နှစ်က ပေါက်ကွဲပျက်စီးသွား ခဲ့သည်။ ထိုအချိန်မှစ၍ အိုင်အက်စ်အက်စ် ယာဉ်ဆီသို့ ပေးပို့ရန် လိုအပ်သော ကုန်စည်နှင့် ယာဉ်မှူးများကို ပေးပို့ရာ၌လည်းကောင်း၊ ပြန်လည် ခေါ်ရာ၌လည်းကောင်း ရုရှားအာကာသယာဉ်များကိုသာ အစဉ်တစိုက် အားထား အသုံးပြုနေခဲ့ရသည်။

ကြိုးပမ်း

အမေရိကန်တို့က ဒစ်ကာဗာရီ အာကာသလွန်းပြန်ယာဉ် လွှတ်တင်ရေးအစီအစဉ်များကို အပြင်းအထန် ပြန်လည် ကြိုးပမ်းလျက်ရှိရာ လာမည့် ဇူလိုင် ၁၃ ရက်နှင့် ၃၁ ရက်များအတွင်း ပြန်လည် လွှတ်တင်နိုင်လိမ့်မည်ဟု မျှော်မှန်းထားကြသည်။

အိုင်အက်စ်အက်စ်အာကာသစခန်းယာဉ်သည် ကုန်ပစ္စည်းအသစ်များကို လက်ခံနိုင်ရန်အတွက် မလိုအပ်သော ကုန်စည်အဟောင်းများကို လွန်ခဲ့သောရက်များအတွင်းက အာကာသအတွင်းသို့ စွန့်ပစ်ခဲ့သည်။ စွန့်ပစ်လိုက်သော ပစ္စည်းများ၏ အလေးချိန်မှာ တန်နှင့်ချီ၍ရှိလိမ့်မည်ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရုရှားကုန်တင်အာကာသယာဉ်ကို ဇွန် ၁၇ရက်က မြေပြင်မှ လွှတ်တင်လိုက်စဉ်။ (ဓာတ်ပုံ-အင်တာနက်)

လက်ဘနွန်သို့ ကုလသမဂ္ဂက ကူညီထောက်ပံ့မှုများ တိုးချဲ့ပေးရန် အဆင်သင့်ရှိကြောင်း ကိုဖီအာနန်ပြောကြား

ကုလသမဂ္ဂ ဇွန် ၂၂

ကုလသမဂ္ဂအနေဖြင့် လက်ဘနွန် အစိုးရသစ်အား ကူညီထောက်ပံ့မှုများ တိုးချဲ့ပေးသွားရန် အဆင်သင့်ဖြစ်နေကြောင်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ကိုဖီအာနန်က ပြောကြားကြောင်း ဖြင့် ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူ ဖရက်အက်ကတ်က တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

လက်ဘနွန်နိုင်ငံတွင် အများယုံကြည်လက်ခံနိုင်စေသည့် ရွေးကောက်ပွဲများ အချိန်မီ ကျင်းပနိုင်မှုသည် အပြောင်းအလဲကာလတစ်ခုအတွင်း အရေးပါသည့် ဝိသေသတစ်ခု ဖြစ်ကြောင်း၊ ယင်းကာလအတွင်း လက်ဘနွန်ပြည်သူလူထုအနေဖြင့် ၎င်းတို့၏ ကံကြမ္မာအား ၎င်းတို့ကိုယ်တိုင် စီမံဖန်တီးနိုင်ရန်၊ နိုင်ငံရေးရာအဖွဲ့အစည်းများ ခိုင်မာစေရန်နှင့် အချုပ်အခြာအာဏာအား အပြည့်အဝထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ထုတ်ဖော်ပြောကြားနိုင်ကြကြောင်း ပြောရေးဆိုခွင့်ရှိသူက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က လက်ဘနွန်ပြည်သူလူထုနှင့်လက်ဘနွန်အစိုးရတို့ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်မှုအတွက် ဝမ်းမြောက်ကြောင်း ပြောကြားပြီး စောစောပိုင်းရရှိသည့် သတင်းများအရ ရွေးကောက်ပွဲများကို အကြမ်းဖက်မှုမရှိသည့် အခြေအနေတွင် ကောင်းမွန်စွာနှင့် ယုံကြည်လောက်သည်အထိ လွတ်လပ်စွာကျင်းပနိုင်ခဲ့သည်ဟု ကိုဖီအာနန်၏ ပြောကြားချက်များကို ဖော်ပြထားသည်။

လက်ဘနွန်အစိုးရဟောင်းအနေဖြင့်လည်း ရွေးကောက်ပွဲ ကျင်းပရေးကို တာဝန်ယူ ကိုင်တွယ်သွားမှုအပေါ် ကိုဖီအာနန်က ချီးမွမ်းပြောကြားပြီး လိုအပ်မှုရှိပါက လက်ဘနွန်အစိုးရသစ်အား ထောက်ပံ့ကူညီမှုများ တိုးချဲ့ပေးသွားရန် အဆင်သင့်ရှိနေသည်ဟု ပြောကြားသည်။*အမ်အင်အေ၊ဆင်ဟွာ။*

အီရတ်နိုင်ငံတွင် ကားဗုံးပေါက်ကွဲမှုကြောင့် လူ ၃၀ ခန့်သေဆုံး

ဘဂ္ဂဒက် ဇွန် ၂၂

အီရတ်နိုင်ငံတစ်ဝန်းတွင် အမေရိကန်နှင့် အီရတ်တပ်ဖွဲ့ဝင်များက လုံခြုံရေးအရ ကျယ်ကျယ်ပြန့်ပြန့် နှိပ်ကွပ်နေမှုကို တွန်းလှန်တိုက်ခိုက်ရေးသမားများက အာခံလျက်ရှိနေစဉ် အီရတ်နိုင်ငံတစ်ဝန်း တနင်္လာနေ့က ကားဗုံးရှစ်လုံးထက်မနည်း ပေါက်ကွဲမှုကြောင့် လူ ၃၀ ခန့် သေဆုံးသွားရသည်။

ကာ့ဒ်လူမျိုးတို့နေထိုင်ရာ အာဘီမြို့တွင် ဗုံးဖောက်ခွဲရေးသမားက ၎င်း၏ မော်တော်ယာဉ်အား ရဲတပ်သားသစ်အုပ်စုအတွင်း ဝင်တိုက်ပြီး ဗုံးဖောက်ခွဲမှုကြောင့်လူ ၁၂ဦးထက်မနည်းသေဆုံးပြီး လူ ၁၀၀ ခန့် ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

လေးဦးသေဆုံး

ပုံမှန်အားဖြင့် တည်ငြိမ်လျက်ရှိသည့် ကာ့ဒ်ဒေသတွင် ယင်းတိုက်ခိုက်မှုမျိုး ဖြစ်ပွားခဲ့ရာ ဟာလက်ဂျာမြို့မှ လုံခြုံရေးအကြီးအကဲ တစ်ဦးသေဆုံးခဲ့ပြီး ကယ်ကွတ်မြို့ရှိ အီရတ်ကြည်းတပ် စစ်ဆေးရေးဂိတ်တွင် အခြား ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားသဖြင့် တပ်ဖွဲ့ဝင်လေးဦး သေဆုံးခဲ့ကြသည်။

ပစ်မှတ်ထား

အီရတ်ရဲတပ်ဖွဲ့နှင့် တပ်ဖွဲ့ဝင်များအား ပစ်မှတ်ထားသည့် ကားဗုံးဖောက်ခွဲမှုငါးမှု ဘဂ္ဂဒက်တွင် ဖြစ်ပွားခဲ့သည်။ အခြားဗုံးဖောက်ခွဲမှုတစ်ခုသည် ဘဂ္ဂဒက် လေဆိပ်သွားရာလမ်းတွင် ဖြစ်ပွားခဲ့သည်။

ယင်းကဲ့သို့ တိုက်ခိုက်မှုသည်အီရတ်နိုင်ငံတွင် တရစပ်ဖြစ်ပွားနေမှုကြောင့်သမ္မတဘုရှ်၏ နှစ်နှစ်ကြာမြင့်ပြီဖြစ်သည့် အီရတ်စစ်ပွဲ ကိုင်တွယ်ဖြေရှင်းနေမှုအပေါ် အမေရိကန် အထက်လွှတ်တော်အမတ်များက ဝေဖန်နေကြပြီးအမေရိကန်တပ်ဖွဲ့ ဝင်များအနေဖြင့် အီရတ်နိုင်ငံတွင် အချိန်ကြာမြင့်ပြီး ခက်ခက်ခဲခဲ ပင်ပန်းကြီးစွာတိုက်ခိုက်နေရသည်ဟု အမေရိကန်ပြည်သူလူထုအားထုတ်ဖော် ပြောကြားရန် လိုအပ်သည်ဟု ၎င်းတို့က ဆက်လက် ဝေဖန်ပြောကြားသည်။

အာတီမြို့တွင် ဒုတိယအကြိမ် ဗုံးဖောက်ခွဲမှုသည် ရက်သတ္တခြောက်ပတ်အတွင်း ဒုတိယအကြိမ်မြောက် ဖောက်ခွဲမှုဖြစ်ပြီး ယင်းကဲ့သို့ အင်အားပြင်းထန်သော ဗုံးဖောက်ခွဲမှုကြောင့် မြောက်ပိုင်းဒေသ၏ အတန်အသင့်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသည်။ မေလစောစောပိုင်းကလည်း ဗုံးဖောက်ခွဲမှုကြောင့် အာတီမြို့တွင် ရဲတပ်ဖွဲ့ဝင်သစ် ၄၆ဦး သေဆုံးခဲ့သည်။

စုရုံးနေ

တနင်္လာနေ့ကလည်း ရဲတပ်ဖွဲ့ဝင်သစ် ၂၀၀ခန့် လယ်ကွင်းပြင်ထဲတွင် နာမည်စာရင်းခေါ်ရန်အတွက် စုရုံးနေကြစဉ် ကားဗုံးဖောက်ခွဲသူတစ်ဦးက ၎င်း၏ မော်တော်ယာဉ်ဖြင့် လူအုပ်အတွင်းဝင်တိုက်ကာ ဗုံးဖောက်ခွဲခဲ့သည်။

လူအချို့ အဝေးသို့ထွက်ပြေးခဲ့ကြကြောင်း၊ သို့ရာတွင် အခြားလူများ လှုပ်ရှားမှုမပြုနိုင်မီ ကားဗုံးပေါက်ကွဲခဲ့ကြောင်း တပ်ဖွဲ့ဝင်သစ်တစ်ဦးဖြစ်သူ ရေဒါမိဟာမက်က ပြောကြားသည်။ *အင်တာနက်။*

နိုင်ငံတကာ သတင်းများ

အာဖဂန်နစ္စတန်နိုင်ငံတွင် ဗုံးပေါက်ကွဲ အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးဒဏ်ရာရရှိ

ကဘူး ဇွန် ၂၂

အာဖဂန်နစ္စတန်နိုင်ငံ ပက်မာပြည်နယ် အရှေ့တောင်ဘက်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ လိုက်ပါလာသောယာဉ်သည် တနင်္ဂနွေနေ့က မိုင်းဗုံးတစ်ခုကို ဖြတ်ကျော်မောင်းနှင်ခဲ့သည့်အတွက်ကြောင့် ပေါက်ကွဲမှုဖြစ်ပွားပြီး အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးဒဏ်ရာရရှိခဲ့ကြသည်ဟု အမေရိကန်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက တနင်္လာနေ့တွင် အတည်ပြုပြောကြားသည်။

ယမန်နေ့က ဖြစ်ပွားသော အိမ်လုပ်ဗုံးတစ်ခု ပေါက်ကွဲမှုကြောင့် အာဖဂန်အမျိုးသားတပ်ဖွဲ့ဝင်နှင့်အပေါင်းပါအဖွဲ့၏ဟမ်းဗီးသံချပ်ကာယာဉ်တစ်စီးထိမှန်ပျက်စီးခဲ့သည်။ ထိုဖြစ်ပွားမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာအနည်းငယ်စီ ရရှိသည်ဟု ဂျိန်းယွန်စ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ချမ်ကာနီခရိုင်တွင် ယခုကဲ့သို့ ပေါက်ကွဲမှုဖြစ်ပွားရခြင်းသည် လွန်ခဲ့သော နှစ်ပတ်ကျော်ကာလ၌ ဒုတိယအကြိမ်ဖြစ်ကြောင်း၊ တပ်ဖွဲ့ဝင်များသည် ကင်းလှည့်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားရခြင်းဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

အဆိုပါ ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသွားသော တပ်ဖွဲ့ဝင်နှစ်ဦးသည် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်နေကြပြီဖြစ်သော်လည်း ကျန်တစ်ဦးမှာ အခြေအနေကို စောင့်ကြပ်ကြည့်ရှုနေရကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ယခုလအစောပိုင်းကာလကလည်း ပါစ်တီကာပြည်နယ်အနီးတွင် မိုင်းဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီးဒေသဆိုင်ရာ စကားပြန်နှစ်ဦးပါ ဒဏ်ရာရရှိခဲ့ကြသည်။ *အမ်အင်အေ၊ ဆင်ဟွာ။*

ကနေဒါက ဘိုးရင်းလေယာဉ်သစ်များ ဝယ်ယူမည့်အစီအစဉ် ဖျက်သိမ်း

အော့တဝါ ဇွန် ၂၂

ကနေဒါနိုင်ငံ၏ အမျိုးသား လေကြောင်းလိုင်းသည် ဘိုးရင်းဂျက် လေယာဉ်သစ်များ ဝယ်ယူရန် စီစဉ်ဆောင်ရွက်ထားမှုကို ဖျက်သိမ်းခဲ့ကြောင်း အဆိုပါလေကြောင်းလိုင်းက တနင်္ဂနွေနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဘိုးရင်း ၇၇၇ လေယာဉ်အသစ် ၁၈ စင်းကို လာမည့်နှစ်တွင် အပြီးပေးပို့ ရန် ဧပြီလတွင် ကုန်အမှာစာပေးပို့ခဲ့ရာ ထိုလေကြောင်းလိုင်းမှအဆိုပါကိစ္စကို ဖျက်သိမ်းခဲ့သည်။ ထပ်မံ၍ ၇၈၇ ဒရမ်လိုင်နာဂျက် လေယာဉ်အသစ် ၁၄ စင်းကို ၂၀၁၀ ပြည့်နှစ်တွင် ပေးပို့ရန် ကုန်အမှာစာကိုလည်း ပေးပို့ခဲ့သည်။ အဆိုပါ လေယာဉ်အသစ်များကို ကနေဒါနိုင်ငံ၏ သက်တမ်းကြာမြင့်နေပြီဖြစ်သော ၇၆၇ လေယာဉ်များနေရာတွင် အစားထိုးပျံသန်းနိုင်ရန်အတွက်ဖြစ်သည်။

<u>**အကြောင်းကြား**</u>

အဆိုပါ ဘိုးရင်းလေယာဉ် ဝယ်ယူရာတွင် လေယာဉ်ဈေးနှုန်းနှင့် အခြားလေယာဉ်ဆိုင်ရာ ကိစ္စရပ်များကိုလည်း ကနေဒါနိုင်ငံ လေယာဉ်မှူးများအဖွဲ့က သိရှိလိုကြောင်း အကြောင်းကြားခဲ့သည်။ ထိုလေယာဉ် ဝယ်ယူရေးကုန်အမှာစာ ဖျက်သိမ်းခြင်းကိစ္စကို ဝမ်းနည်းကြောင်း၊ အနာဂတ်လေကြောင်းလိုင်း ပြန်လည်ပြင်ဆင် ဖွဲ့စည်းရေးအတွက်လည်း ထိုကုန်အမှာစာဖျက်သိမ်းခြင်းကိစ္စကြောင့် သွားရောက်ထိခိုက်မှု မရှိနိုင်ကြောင်း ကနေဒါ လေကြောင်းလိုင်း ဥက္ကဋ္ဌ မွန်တီဘရာဝါက ပြောကြားသည်။

လောလောဆယ် ကနေဒါလေကြောင်းလိုင်းတွင် လိုအပ်လျက်ရှိသော လေယာဉ်များအတွက် အသုံးပြုပြီးသား တစ်ပတ်နွမ်းလေယာဉ်ကို ဝယ်ယူဖြည့်တင်း ဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘဂ္ဂဒက်မြို့ အရှေ့တောင်ပိုင်းတွင် ဖြစ်ပွားသော တိုက်ခိုက်မှုတစ်ခုအတွင်း မီးလောင်ပျက်စီးနေသော အမေရိကန် စစ်ယာဉ် တစ်စီးကို ဇွန် ၂၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အစည်းအဝေး တရုတ်နိုင်ငံသမ္မတ ဟူကျင်တောင် တက်ရောက်မည်

ပေကျင်း ဇွန် ၂၂

ကာဇက်စတန်နိုင်ငံ အက်စတာနာတွင် ကျင်းပမည့် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေး ထိပ်သီးအစည်းအဝေးပွဲသို့ တက်ရောက်ရန်အသွားတွင် တရုတ်နိုင်ငံသမ္မတ ဟူကျင်တောင်သည် ရုရှားနိုင်ငံသို့လည်း အလည်အပတ်ခရီး ဝင်ရောက်မည်ဖြစ်ကြောင်း တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာနက ဇွန် ၂၁ ရက်တွင် ပြောကြားသည်။

အဆိုပါ ခရီးစဉ်များအပြီးတွင် တရုတ်သမ္မတသည် ဂျီ–၈ အပေါင်းငါးနိုင်ငံ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ဗြိတိန်နိုင်ငံသို့ပါ ဆက်လက် ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

သမ္မတဟူ၏ ခရီးစဉ်သည် ဇွန် ၃၀ ရက်တွင် စတင်မည်ဖြစ်ပြီး ဇူလိုင် ၇ ရက်အထိ ကြာမည်ဖြစ်သည်။ ထိုခရီးစဉ်များအတွက် လာရောက်ရန် သမ္မတ ဟူကို ရုရှားသမ္မတ ဗလာဒီမာပူတင်၊ ကာဇက်စတန်သမ္မတ နျူစူလတန် နာဇာဘာရဖ်နှင့် ဗြိတိန်ဝန်ကြီးချုပ်တိုနီဘလဲတို့က ဖိတ်ကြားခဲ့ကြသည်။

ဗြိတိန်နိုင်ငံတွင် ကျင်းပရန်ရှိသည့် ဂျီ–၈ အစည်းအဝေးသို့ ထိုအုပ်စုဝင်နိုင်ငံများအပြင် တရုတ်၊ အိန္ဒိယ၊ ဘရာဇီး၊ တောင်အာဖရိကနှင့်မက္ကဆီကိုနိုင်ငံများကလည်း ပါဝင်တက်ရောက်ကြမည်ဖြစ်သည်ဟု တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ လျူဂျင်ချိုက ပြောကြားသည်။

ရုရှားနိုင်ငံ ခရီးစဉ်အတွင်း တရုတ်သမ္မတသည် ရုရှားသမ္မတ ဗလာဒီမာပူတင်၊ ရုရှားအစိုးရ ခေါင်းဆောင်များနှင့် လွှတ်တော် ခေါင်းဆောင်များနှင့်လည်း တွေ့ဆုံဆွေးနွေးရန်ရှိသည်။

ရုရှားနှင့်တရုတ် နှစ်နိုင်ငံတို့၏ နိုင်ငံရေးအရ ယုံကြည်မှုခိုင်မာစေရန်၊ ပူးပေါင်းဆောင်ရွက်မှုပြုလုပ်ရာ၌ ပိုမိုနက်ရှိုင်းစွာ ဆောင်ရွက်နိုင်ရန်၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းကိစ္စများတွင် ပူးပေါင်းဆောင်ရွက်မှုကို အားဖြည့်ရန်နှင့် ရုရှားနှင့်တရုတ်တို့၏ မဟာဗျူဟာ ပူးပေါင်းမှုကို အဆင့်မြှင့်တင်ရန် ရည်ရွယ်ချက်ရှိကြောင်း ပြောရေးဆိုခွင့်ရှိသူ လျူက ပြောကြားသည်။ ယခု ခရီးစဉ်အတွင်းတွင် နှစ်နိုင်ငံတို့အကြား နိုင်ငံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး စာချုပ်အများအပြားကိုလည်း လက်မှတ်ရေးထိုးကြမည် ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

စိတ်ရောဂါကုသရာတွင် အသုံးပြုသော ဆေးတစ်မျိုး ဆားစ်ရောဂါကုသရာတွင် အသုံးပြုနိုင်ဟုဆို

ဟန်ကျို့ ဇွန် ၂၁

စကီဇိုဖရဲနီးယား (ခေါ်) စိတ်ကစဉ့်ကလျားရောဂါ ကုသရာတွင် အသုံးပြုသော ဆေးတစ်မျိုးသည် ကူးစက်မြန်ပြင်းထန် နမိုးနီးယား (အဆုတ်ရောင်) ရောဂါဖြစ်စေသော ကော်ရိုနာဗိုင်းရပ်ကို ထိန်းချုပ်နိုင်သည့် အစွမ်းသတ္တိများ ရှိကြောင်း တရုတ်နိုင်ငံအရှေ့ပိုင်း ဇီကျန်ပြည်နယ် မြို့တော် ဟန်ကျို့အခြေစိုက် တရုတ်နှင့်ဥရောပ သိပ္ပံပညာရှင်များ အုပ်စုတစ်စုက တနင်္လာနေ့တွင် ထုတ်ပြန်ကြေညာသည်။

၁၉၇၀ ပြည့်လွန် နှစ်များမှစတင်၍ စိတ်ဝေဒနာတစ်မျိုးဖြစ်သော စကီဇိုဖရဲနီးယားရောဂါကို ကုသရာ၌ အသုံးပြုသည့် ဆင်နန်ဆာရင်အမည်ရှိ ဆေးဝါးသည် ကူးစက်မြန်ပြင်းထန် နမိုးနီးယား (ဆားစ်)ရောဂါ ကုသရာတွင် အသုံးပြုနိုင်ကြောင်း၊ သိပ္ပံပညာရှင်များသည် ဆားစ်ရောဂါဖြစ်စေသော ရောဂါပိုးနှင့်ပတ်သက်၍ လေ့လာမှုများ ပြုလုပ်ခဲ့ပြီးနောက် ဆားစ်ရောဂါ ကုသရေးအတွက် အသုံးပြုနိုင်ဖွယ်ရှိသည့် ဆေးဝါး ၁၅ မျိုးနှင့်ပတ်သက်၍ အကြံပြုခဲ့ရာတွင် အသုံးပြုရန် အသင့်ရှိသော ဆေးဝါးအဖြစ် ဆင်နန်ဆာရင်ဆေးကို တွေ့ရှိရကြောင်း ဆားစ်ရောဂါ တိုက်ဖျက်ရေး တရုတ်–ဥရောပ ပူးတွဲ သိပ္ပံပညာရှင်များက ပြောကြားသည်။

အကယ်၍ ကမ္ဘာ့နိုင်ငံများတွင် ဆားစ်ရောဂါ တစ်ကျော့ပြန်ဖြစ်ပွားလာမည်ဆိုပါက ယင်းရောဂါကုသရေး၌ ဆင်နန်ဆာရင်ဆေးကို သုံးစွဲရန် ဆရာဝန်များက ဆေးညွှန်းပေးနိုင်မည်ဖြစ်ကြောင်း ဒိန်းမတ်နိုင်ငံရှိ အားဟက်စ်တက္ကသိုလ်မှ ပါမောက္ခ ပီတာခရစ်စတန်ဆင်က ပြောကြားသည်။ ဆားစ်ရောဂါ ကုသရေးအတွက် အသုံးပြုနိုင်ဖွယ်ရှိသော အခြားဆေးဝါး ၁၄ မျိုးကို တိရစ္ဆာန်များဖြင့် စမ်းသပ် လေ့လာမှုများ ပြုလုပ်လျက်ရှိကြောင်း ဆားစ်ရောဂါတိုက်ဖျက်ရေး သုံးနှစ်ကြာ ပူးတွဲလေ့လာရေးစီမံကိန်းတွင် ပါဝင်သော ခရစ်စတန်ဆင်က ပြောကြားသည်။ ယင်းစီမံကိန်းအတွက် ရန်ပုံငွေကို ဥရောပသမဂ္ဂက ငွေကြေးထောက်ပံ့ပေးပြီး တရုတ်–ဥရောပရှိ အဖွဲ့အစည်း ရှစ်ခုတို့က ပါဝင်ဆောင်ရွက်လျက်ရှိသည်။

၂၀၀၄ ခုနှစ်တွင် စတင်ခဲ့သော အဆိုပါစီမံကိန်း၏ ရည်ရွယ်ချက်မှာ ဆားစ်ရောဂါကုသရာတွင် အသုံးပြုနိုင်စေမည့် ဓာတုဗေဒဒြပ်ပေါင်း ၅၀ ကို ရှာဖွေ ဖော်ထုတ်နိုင်ရန်ဖြစ်ကြောင်း၊ လာမည့် နှစ်နှစ်တာကာလအတွင်း တရုတ်၊ ဂျာမနီ၊ ပိုလန်နှင့် ဒိန်းမတ်နိုင်ငံတို့မှ သိပ္ပံပညာရှင်များသည် ဖော်ထုတ်ရန်ကျန်ရှိနေသေးသော ဓာတုဗေဒဒြပ်ပေါင်း ၃၅ မျိုးကို ဆက်လက်ရှာဖွေ ဖော်ထုတ်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

နီပေါ၌ သောက်သုံးရေ လုံလောက်စွာရရှိရေး ဆောင်ရွက်နေ

ခတ္တမန္ဒူ ဇွန် ၂၁

နီပေါနိုင်ငံတွင် လူဦးရေ ၂၃ သန်းအနက် ၇၅ ရာခိုင်နှုန်းသည် ယခုဘဏ္ဍာရေးနှစ် နှစ်ကုန်ပိုင်းထက်နောက်မကျဘဲ သောက်သုံးရေ လုံလောက်စွာ ရရှိမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက တနင်္လာနေ့တွင် ပြောကြားသည်။

ယခုနှစ် ဘဏ္ဍာရေးနှစ်ကုန်ဖြစ်သော ဇွန် ၁၅ ရက်တွင် ဒေသအဆင့် သောက်သုံးရေစီမံကိန်း စုစုပေါင်း ၁၀၂၆ ခုကို ဆောင်ရွက်ထားသည်။ အဆိုပါစီမံကိန်းမှ ၆၁ ခုသည် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး၊ နောက်ထပ် လူဦးရေ ၁၅၉၀၀၀ ကို သောက်သုံးရေရရှိပြီဖြစ်ကြောင်း ရေထောက်ပံ့ရေးနှင့် သန့်ရှင်းရေးဌာနမှ ညွှန်ကြားရေးမှူး ဟာရီရမ်ကိုရာလာက သတင်းထောက်များကို ပြောကြားခဲ့သည်။

၂၀၁၅ ခုနှစ်ထက်နောက်မကျဘဲ လူဦးရေအားလုံး သောက်သုံးရေရရှိစေရန် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစိုးရကဆုံးဖြတ်သည်။ မြေအောက်ရေများတွင် ကင်ဆာဖြစ်စေသည့် ဒြပ်စင်များပါရှိသောဒေသများတွင် ရေသန့်ဖြန့်ဝေမှုကို အဆိုပါဌာနက ဆောင်ရွက်လျက်ရှိကြောင်း ကိုရာလာက ထပ်မံပြောကြားခဲ့သည်။

ယခုအချိန်အထိ နိုင်ငံတွင်းရှိ အဝီစိတွင်း ၁၁၂၄၀ တွင် နိုင်ငံတကာစံချိန်ထက် ကျော်လွန်သည့် အဆိုပါ ကင်ဆာဖြစ်စေသော ဒြပ်စင်များ ရှာဖွေတွေ့ရှိရသည်။ ထိုဒေသတွင်းရှိ ပြည်သူများ ရေကောင်းရေသန့်ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း ၎င်းကပြောကြားခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဂျပန်နိုင်ငံရှိ အကျော်ကြားဆုံး တံတားသုံးစင်းအနက် တစ်စင်းဖြစ်သော ဟီရိုရှီးမားမြို့မှ ကင်ထိုင်ကျို တံတားကို ဇွန် ၂၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)



ကမ္ဘောဒီးယားနိုင်ငံရှိ မဲခေါင်မြစ်အတွင်း ငါးဖမ်းနေကြသူများကို ဇွန် ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ပြည်ပနိုင်ငံများတွင် ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှု မြှင့်တင်

ဟနွိုင်း ဇွန် ၂၁

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်လက်ရှိအချိန်အထိ ပြည်ပနိုင်ငံများတွင် အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၇ သန်း ရင်းနှီးမြှုပ်နှံထားကြောင်း၊ ယင်းမှာ လွန်ခဲ့သည့်နှစ် အလားတူ ကာလကထက် ရင်းနှီးမြှုပ်နှံမှုသုံးဆ မြင့်မားလာခြင်းဖြစ်ကြောင်း စီမံကိန်းရေးဆွဲရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနက တနင်္လာနေ့တွင် ထုတ်ပြန်သည့် အစီရင်ခံစာတစ်ရပ်အရ သိရသည်။

ရင်းနှီးမြှုပ်နှံ

ဗီယက်နမ်နိုင်ငံသည် ရေနံနှင့်ဓာတ်ငွေ့ စူးစမ်းရှာဖွေခြင်းနှင့် တူးဖော်ခြင်း၊ အိမ်အသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်ခြင်းစသည့် လုပ်ငန်းနယ်ပယ်ကဏ္ဍများနှင့် သက်ဆိုင်နေသော ပင်လယ်ရပ်ခြားရင်းနှီးမြှုပ်နှံမှု စီမံကိန်း ၁၃ ခုတွင် ရင်းနှီးမြှုပ်နှံထားကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံ ပါဝင်ရင်းနှီးမြှုပ်နှံနေသော လုပ်ငန်းစီမံကိန်းများရှိရာ နိုင်ငံများမှာ ရုရှား၊ လာအို၊ ကမ္ဘောဒီးယားနှင့် အင်ဒိုနီးရှားနိုင်ငံတို့ဖြစ်ကြောင်း အစီရင်ခံစာတွင် ရေးသားထားသည်။

စီစဉ်

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၃၀၀ ကျော်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပြုလုပ်နိုင်မည်ဟု မျှော်လင့်ရသည်။ ထိုရင်းနှီးမြှုပ်နှံမှုပမာဏမှာ ၂၀၀၁–၂၀၀၄ ခုနှစ်ကာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏထက် ပိုမိုများပြားသည်။ ဗီယက်နမ်နိုင်ငံသည် ၂၀၀၆ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ကာလအတွင်း နှစ်စဉ် အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကျော် ရင်းနှီးမြှုပ်နှံရန် စီစဉ်ထားသည်။

ထုတ်ပေး

ဗီယက်နမ်အစိုးရသည် ၂၀၀၁–၂၀၀၄ ခုနှစ်ကာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီမံကိန်း ၁၂၂ ခု လုပ်ကိုင်ရန် ခွင့်ပြုချက်လိုင်စင်များ ထုတ်ပေးခဲ့သည်။ ယင်းစီမံကိန်းများ၏ ရန်ပုံငွေမှာ ဒေါ်လာသန်း ၂၃၀ ဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

နှင်းခဲပြင်နေ ကျားသစ်များ မျိုးသုဉ်းမည့် အန္တရာယ်ဖြင့် ရင်ဆိုင်နေရ

ရှင်မယာ ဇွန် ၂၁

လွန်ခဲ့သည့် ဆယ်စုနှစ်စုအတွင်း အလွန်အမင်းကျဆင်းခဲ့ရပြီး အဖမ်းရခက်ကာ မျိုးသုဉ်းမည်ကို စိုးရိမ်နေရသော နှင်းခဲပြင်နေ ကျားသစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် အိန္ဒိယနိုင်ငံ ဟိမာရှယ်ပရာဒေ့ရှ်ဒေသရှိ တောရိုင်းတိရစ္ဆာန် ကာကွယ်ရေးဌာနမှ အာဏာပိုင်များက စဉ်ဆက်မပြတ် ကြိုးပမ်းမှုများ ပြုလုပ်နေကြသည်။

ဆီးနှင်းများလွှမ်းရာ မြင့်မားသည့် တောင်ပေါ်ဒေသတွင် နှင်းခဲပြင်နေ ကျားသစ်များသည် မျိုးသုဉ်းပြီးပျောက်ကွယ်မည့် အခြေဆိုက်နေသည်။ ယင်းတို့ ပေါက်ဖွားရာဒေသတွင် အနှောင့်အယှက် အဟန့်အတားများရှိနေပြီး အခြားအသီးအရွက်စား သတ္တဝါဖြစ်သည့် တောင်ဆိတ်ကောင်ရေသည်လည်း လျော့နည်းလျက်ရှိသည်။

နှင်းဖုံးလွှမ်းနေသည့် ဒေသများတွင်နေသည့် ယင်းတိရစ္ဆာန်များသည် အမဲလိုက်မှုကြောင့် ယင်းသို့ လျော့နည်းရခြင်းဖြစ်သည်ဟူသည့် အချက်ကို တောရိုင်းတိရစ္ဆာန် ကာကွယ်ရေးဌာနမှ အာဏာပိုင်များက လက်မခံကြသော်လည်း ယင်းတိရစ္ဆာန်များ သိသိသာသာလျော့ပါးနေသည့် ကျိုးကြောင်းဆီလျော်သော ဖြေရှင်းချက်ကိုလည်း မပေးနိုင်ဘဲဖြစ်နေသည်။ ယင်းနှင်းခဲပြင်နေ ကျားသစ်နှင့် အခြားတိရစ္ဆာန်များသည် ပေ ၁၅၀၀၀ အမြင့်ရှိ လူဦးရေထူထပ်သည့် ကစ်ဘာကျေးရွာ အလယ်ပိုင်းဒေသတွင် နေထိုင်ကျက်စားကြသည်။ နှင်းခဲပြင်နေ ကျားသစ် ၃၄ ကောင်ကို ယင်းပြည်နယ်တွင် ရှာဖွေတွေ့ရှိကြောင်း၊ သို့ရာတွင် အထီးနှင့်အမဟူ၍ တသီးတခြားဖော်ပြထားခြင်းမရှိကြောင်း လွန်ခဲ့သောနှစ်ကပြုလုပ်ခဲ့သည့် စစ်တမ်းတစ်ခုအရ သိရသည်။ ***အမ်အင်အေ၊ပီတီအိုင်။***

၂၀၀၅ ခုနှစ်၊ ဇူလိုင်လ (၃) ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို

မြန်မာအမျိုးသမီးတို့၏ စီးပွားစွမ်းဆောင်မှု အစဉ်အလာ

မောင်ဆုရှင်

မြန်မာတို့၏ ကုန်သွယ်မှုအကျိုးစီးပွားကို ဖော်ဆောင်ပေးသူများတွင် အမျိုးသမီးများ ပါဝင်ပါသည်။ ထိုသို့ ပါဝင်မှုသည် ရှည်လျားသော နောက်ကြောင်းလည်း ရှိခဲ့သည်။

သမိုင်းပါမောက္ခဟောင်း ကွယ်လွန်သူ ဒေါ်မြစိန်သည် လွန်ခဲ့သော နှစ်ပေါင်း ၅၀ကျော်က ဆောင်းပါးတစ်စောင်တွင် အောက်ပါအတိုင်း ဖော်ပြခဲ့သည်–

"နိုင်ငံခြားသား လူစိမ်းတစ်ယောက်သည် ကျွန်ုပ်တို့တိုင်းပြည်သို့ ပထမဦးဆုံးအကြိမ်ရောက်လာလျှင် မြန်မာအမျိုးသမီးများ အခြေအနေကို ကြည့်ပြီး စိတ်ထဲ၌ အံ့သြသွားစရာ အကြောင်းနှစ်ခုရှိသည်။

ဘီးကျော်ပတ်ကလေးကိုပတ်ကာ ဈေးဆိုင်၌ထိုင်လျက် ယောကျ်ားများထက်သာအောင် ရောင်းဝယ်နေသော မြန်မာမများကို တွေ့သည့်အခါ အံ့သြမိသည်ဟု နိုင်ငံခြားသားမိတ်ဆွေ အများကပင် ကျွန်မကို ပြောဖူး၏။ မြန်မာမများသည် လယ်သမားဇနီးဖြစ်လျှင် လင်ယောကျ်ားနှင့်အတူ လယ်ထဲသို့ဆင်း၍ ဒိုးတူပေါင်ဖက် လုပ်ကိုင်သည်။ လင်က လှည်းမောင်းလျှင် မယားက ကူ၍နွားတပ်ပေးသည်။ အစစ၌ ယောကျ်ားများနှင့် ရင်ပေါင်တန်းလုပ်ကိုင်ကြသည်။ အကြီးအကျယ် ရောင်းဝယ်ဖောက်ကားသော လုပ်ငန်းကြီးများတွင် မိန်းမပါသည်"

အမျိုးသမီးထု၏ ဂုဏ်ရည်ကို ဆရာမကြီး ဒေါ်ရင်ရင်(စောမုံညင်း)ကလည်း **"အမျိုးသမီးတွေ သမ္မာမပျက်ယွင်းစေဖို့ တန်ခိုးကြီးစေနဂရာ ကနက်အတွင်းမှာတော့ ကဗျာဆက်သွင်းပါလို့ နှုတ်ခြွေကာ..."** ဟု အစချီပြီး **"အမျိုးမြတ်သူတို့ ဖိုးမဖြတ်နိုင် ဂုဏ်ရည်သွေးတွေနှင့် ပြည်ရေးတွင် တာဝန်ယူခဲ့ကြ၊ ပါရဂူဉာဏ်ရည်ချွန်တဲ့ ဆရာဝန် ဥပဒေဒြပ်ကယ်နှင့်..."**ဟူ၍ ၂၀၀၀ ပြည့်နှစ်က **"မြန်မာမဂုဏ်ရည်"** ဟူသော ကဗျာရှည်တစ်ပုဒ်ကို အမျိုးသမီးရေးရာ နှစ်လည်မဂ္ဂဇင်းတွင် ဖွဲ့ခဲ့ဖူးသည်။

ထိုသို့ အဖွဲ့အဆိုမျိုးနှင့် ထိုက်တန်သော အမျိုးသမီးတို့မှာ ယခုခေတ်တွင် သာမန်စီးပွားရှာသူအဖြစ်မှ စွမ်းဆောင်ရှင်အဖြစ်သို့ တက်လှမ်းလာနိုင်ခဲ့ကြသည်။ နိုင်ငံတကာတွင် ထွန်းကားတွင်ကျယ်၍ နှုတ်ကျိုးလာသော ပြင်သစ်ဝေါဟာရ **"အွန်ထရေပရင်နာ"**(Entreprenuer)ကို **"စွန့်ဦးတီထွင်သူ"**ဟူ၍ အသုံးများလာသောအခါ ထိုဝေါဟာရ၏ သရုပ်၌လည်း မြန်မာအမျိုးသမီးတို့၏ ပုံရိပ်ကိုပါ မြင်လာရသည်။

ပဒေသရာဇ်ခေတ်နှောင်း၌ နိုင်ငံခြားသားတို့က မြန်မာအမျိုးသမီးတို့ကို တွေ့မြင်ခဲ့ရသော အထင်အမြင်ကောင်းသည် ကိုလိုနီခေတ်၌လည်း ဆက်လက်ရှင်သန်ခဲ့သည်သာဖြစ်၏။ စီးပွားရေးနယ်ပယ်တစ်ခုတည်းကို ကြည့်လျှင်ပင် အမျိုးသမီးတို့သည် လုပ်ငန်း၌ ဦးဆောင်မှုပေးနိုင်ခြင်း၊ စီမံခန့်ခွဲနိုင်ခြင်း၊ စီးပွားရေးအမြင်ရှိခြင်း စသည့် အရည်အသွေးများဖြင့် ခေတ်ကာလအခြေအနေပေးသည်နှင့်အမျှ စီးပွားကုန်သွယ်မှုနှင့် ဝန်ဆောင်မှုတို့ကို အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ကြသည်။

"စင်စစ်ဆိုရလျှင် မြန်မာနိုင်ငံတွင် ကုန်ရောင်းကုန်ဝယ်လုပ်ငန်းသည် အမျိုးသမီးများကြီးစိုးရာ နယ်ပယ်ကြီးသာဖြစ်၏"ဟူ၍ စာရေးဆရာမ တက္ကသိုလ်ကြည်မာက စာပေဗိမာန်ထုတ် **"မြန်မာအမျိုးသမီးလောက"** စာအုပ်တွင် ၁၉၇၅ ခုနှစ်က ရေးသားခဲ့သည်။ သူက **"ဗြိတိသျှတို့ မြန်မာနိုင်ငံကို သိမ်းယူစဉ်အခါက ဈေးဆိုင်ကြီးများတွင် သွက်လက်ချက်ချာစွာ ဦးဆောင်၍ ရောင်းဝယ်ဖောက်ကားနေကြသော မြန်မာအမျိုးသမီးများကို တအံ့တသြဖြစ်ခဲ့ကြသည်။ မြန်မာအကြောင်း စာတစ်အုပ် ပေတစ်ဖွဲ့ရေးခဲ့ကြရာ၌ အမျိုးသမီးတို့၏ စီးပွားရေး ရှာဖွေနိုင်စွမ်းရှိပုံကို ချီးကျူးမှတ်တမ်းတင်ခဲ့ကြသည်သာဖြစ်၏"**

"ခေတ်အဆက်ဆက်တွင် စီးပွားရေးလောကကို ဦးဆောင်ခဲ့သော အမျိုးသမီးများ ပေါ်ထွက်ခဲ့သည်။ နောင်အခါတွင် စီးပွားရေးလုပ်ငန်းကြီးများ၌ ယောကျ်ားများနှင့်ယှဉ်ပြိုင်၍ အကြိတ်အနယ် ရောင်းဝယ်ဖောက်ကားနိုင်သူများကိုလည်း တွေ့ရပေသည်"ဟု ဆရာမတက္ကသိုလ်ကြည်မာကပင် ယင်းစာအုပ်၌ ဖော်ပြထားသည်။

ထိုစီးပွားရေးလုပ်ငန်းရှင်တို့အနက် မြန်မာနိုင်ငံကို ဗြိတိသျှတို့ မတရားသိမ်းယူသည့် ၁၈၈၆ ခုနှစ်တွင် မွေးဖွားသော ဒေါ်ငြိမ်းတင်နှင့် ညီမဖြစ်သူ ဒေါ်အုန်းတင်တို့၏ လူမျိုးခြားတို့နှင့် အပြိုင်အဆိုင် လုပ်သော စက္ကူလုပ်ငန်းကိုတွေ့နိုင်သည်။ သူတို့ညီအစ်မသည် နိုင်ငံခြားသားတို့ လက်ဝါးကြီးအုပ်ထားသည့် သွင်းကုန်လုပ်ငန်းတွင် သတင်းစာ စက္ကူများနှင့် ပဋ္ဌရူပတံဆိပ် ပန်းစက္ကူများ တွင်ကျယ်စွာ ဖြန့်ဖြူးရောင်းချနိုင်ခဲ့သည်။ ပြိုင်ဘက်ကုန်သည်ကြီးများ၏ လျှို့ဝှက်ချက်နည်းနာများကိုပင် စုံစမ်းအသုံးချကာ ထိုနိုင်ငံခြားသား ကုန်သည်ကြီးများကပင် အံ့သြရလောက်အောင် ကုန်သွယ်မှု၌ ကျွမ်းကျင်ခဲ့ကြ၏။

ဝန်ဆောင်မှုလုပ်ငန်းတွင် ဒုတိယကမ္ဘာစစ် ကာလမတိုင်မီကပင် ကျိုက်လတ်မြို့သူ မြန်မာအမျိုးသမီး ဒေါ်သက်မေက **"ဒေါ်သက်မေနှင့်သားများ"**ဟူသော အမည်ဖြင့် အလှူမင်္ဂလာ၊ အစည်းအဝေး၊ အခမ်းအနားများ၌ စားပွဲကုလားထိုင်၊ ကော်ဇောစသည့် ပရိဘောဂများ ငှားရမ်းသည့်လုပ်ငန်းကို ၁၉၃၈ ခုနှစ်မှစ၍ လုပ်ကိုင်ခဲ့သည်။ ထိုဝန်ဆောင်မှုလုပ်ငန်းတွင် ဂျူးလူမျိုးလုပ်ငန်းရှင်တစ်ဦးနှင့် ပြိုင်၍ လုပ်ကိုင်ခဲ့သည်။ ဒေါ်သက်မေ ကွယ်လွန်ပြီးနောက် မိသားစုလုပ်ငန်းအဖြစ်ပင် ယနေ့ထိ ဆက်လက်ရပ်တည်နိုင်ခဲ့လေသည်။

ကိုလိုနီခေတ်အတွင်း၌ပင် ပျိုမေတို့ ပွဲနေပွဲထိုင်တွင် ပန်ဆင်ရန် လှပတင့်တယ်စွာ ထုတ်လုပ်သော ကတ္တီပါပန်း၊ အော်ဂန်ဒီပန်းနှင့် စက္ကူပန်းများကို **"မေသက်ဘရားသား"**၏ လုပ်ငန်းပိုင်ရှင် ဒေါ်မြသက်က ဦးစီးလုပ်ကိုင်ခဲ့သော လုပ်ငန်းဖြစ်သည်။ ၁၉၁၃ ခုနှစ်ဖွား ဒေါ်မြသက်သည် စက္ကူပန်းလုပ်ငန်းကို ငယ်စဉ်ကပင် ကျွမ်းကျင်ခဲ့၍ ညီမ ဖြစ်သူ ဒေါ်ညွန့်မေနှင့်အတူ ရန်ကုန်မြို့ ၃၂ လမ်းတွင် ဆိုင်ဖွင့်ရာမှ အောင်မြင်၍ ယခု မဟာဗန္ဓုလပန်းခြံလမ်းသို့ ရွှေ့ပြောင်း ဖွင့်လှစ်ခဲ့ရသည်။ ရွှေတိဂုံဘုရားလမ်း ဂျူဗလီဟောတွင် နှစ်စဉ်ပြုလုပ်သည့် ပန်းအလှပြိုင်ပွဲများတွင် **"မေသက်ဘရားသား"**က အမြဲတမ်းဆုရခဲ့သည်။ မေသက်ဘရားသားမှ ပြုလုပ်သော ဆက်တင်အခမ်းအနားများကို အေဝမ်းရုပ်ရှင်များ ရိုက်ကူးရာတွင် အသုံးပြုခဲ့သည်ဟု သိရသည်။ မေသက်ဘရားသားက အလှကုန်ပစ္စည်းများကို ဆက်လက်ထုတ်လုပ်ရာ မျက်နှာချေ၊ ပေါင်ဒါ၊ ရေမွှေး၊ အလှရည်၊ ခေါင်းလိမ်းဆီတို့ကို နိုင်ငံခြားအလှကုန်များနှင့် ပြိုင်၍ ရောင်းချခဲ့ပြီး ဒုတိယကမ္ဘာစစ်အတွင်း လူတိုင်းအားထားရသည့် အလှကုန်များဖြစ်ခဲ့သည်။

စီးပွားရေးလက်တွေ့ပညာ လက်ဆင့်ကမ်းအမွေကို ရခဲ့သော မြန်မာအမျိုးသမီးတစ်ဦးမှာ ၁၂၇၇ ခုနှစ်တွင် မွေးဖွားသော ယခင်စက္ကူကုန်သည်ကြီး ဒေါ်ငြိမ်းတင်၏ ဆိုင်လုပ်ငန်းတွင် အတွေ့အကြုံရခဲ့သူ

မျက်မှောက်ခေတ်သို့ ရောက်သည့်အခါ မြန်မာအမျိုးသမီးစီးပွားရေး လုပ်ငန်းရှင်တို့ပင်လျှင် နိုင်ငံတကာနှင့် ထိတွေ့ဆက်ဆံမိ၍ အတွေးအမြင် ပိုကျယ်လာခဲ့သည်။ စီးပွားရေးအမြင်ရှိသော အမျိုးသမီးတို့၏ နယ်ပယ်သည် အရောင်းအဝယ်လုပ်ငန်းတစ်ခုတည်း မဟုတ်တော့ချေ။ ကုန်ထုတ်မှု၊ ဝန်ဆောင်မှု၊ စီမံခန့်ခွဲမှု၊ ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတို့၌ ပါဝင်နေကြပြီဖြစ်သည်။

ဒေါ်ငွေတင်ဖြစ်၏။ ၁၉၄၆ ခုနှစ်မှစ၍ စက္ကူနှင့် စာရေး ကိရိယာလုပ်ငန်းကို ထူထောင်ရန် ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့သို့ သွားခဲ့ပြီး ဓားစက်၊ ချုပ်စက်၊ မျဉ်းဆွဲစက်တို့ကို ဝယ်ယူခဲ့ကာ **"သုံးသုံးလုံး"**အမှတ် တံဆိပ်ပါသော ဗလာစာအုပ်များကို မြန်မာပြည်တွင်းအနှံ့ ဖြန့်ဖြူးခဲ့သည်။ အိန္ဒိယအမျိုးသား ကုမ္ပဏီတစ်ခုကပင် တုပထုတ်လုပ်၍ တရားတပေါင် ဖြစ်ခဲ့ရသေးသည်။ ထိုစဉ်က မြန်မာသတင်းစာတိုက်များသည် ဒေါ်ငွေတင် ကုမ္ပဏီမှ စက္ကူများကိုသုံးစွဲကြသည်။

လွတ်လပ်ရေးခေတ်တွင် ပြည်တွင်းထွက်ကုန်များဖြစ်သော ရှမ်းပြည်နယ်မှ လက်ဖက်စို၊ လက်ဖက်ခြောက်၊ သနပ်ဖက်တို့ကို ပွဲရုံထောင်၍ ပြည်ပအထိ ဖောက်ကားသော အမျိုးသမီးများလည်းရှိခဲ့သည်။ သူတို့သည် ပြည်တွင်းထွက်ကုန်ဖြစ်သော ပဲများကို ပြည်ပနိုင်ငံအများအပြားသို့ တင်ပို့ရင်း နိုင်ငံခြားသား အရင်းရှင်လုပ်ငန်းကြီးများ၊ နိုင်ငံခြားသင်္ဘောကုမ္ပဏီများ ယှဉ်ပြိုင်ပြသမှုကို ဆန့်ကျင်ကျော်လွှားလျက် စီးပွားကုန်သွယ်မှုနယ်ကို ကျော်ဖြတ်ခဲ့၏။ ပြည်ပနိုင်ငံများသို့ လက်တွေ့သွားရောက်ဆက်သွယ်လေ့လာကာ သွင်းကုန်လုပ်ငန်းကိုပါ တိုးချဲ့၍ စွမ်းဆောင်ရည်ချဲ့ခဲ့ကြသူများမှာ**"ပင်လုံပွဲရုံ"**ကို တည်ထောင်သော ဒေါ်နုယဉ်နှင့် မင်းလှမြို့မှ ယောက်မဖြစ်သူ ဒေါ်ကြည်ကြည်တို့ ဖြစ်သည်။ သူတို့သမီးယောက်မ တည်ထောင်သော စက်မှုလုပ်ငန်းမှ **"ရွှေပြည်တန် မျက်နှာသုတ်ပဝါ"** များအပြင် လုံချည်၊ ရုပ်ဖျင်များကိုပါ ထုတ်လုပ်အောင်မြင်ခဲ့သည်။ ဆက်သွယ်သော ဂျပန်စက်မှုလုပ်ငန်းရှင်များပင် အံ့သြကြရသည်။ ဒေါ်ကြည်ကြည်သည် အီဆူဇူးကုမ္ပဏီ နိုင်ငံတကာ ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ထိုအမျိုးသမီးနှစ်ဦးသည် မြန်မာပြည်ကုန်သည်ကြီးများအသင်းနှင့် ပို့ကုန်ကုန်သည်ကြီးများအသင်းတို့၌ အမှုဆောင်အဖြစ်လည်းကောင်း၊ ဥက္ကဋ္ဌ အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ကြလေသည်။

မျက်မှောက်ခေတ်သို့ ရောက်သည့်အခါ မြန်မာအမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်တို့ပင်လျှင် နိုင်ငံတကာနှင့် ထိတွေ့ဆက်ဆံမိ၍ အတွေးအမြင် ပိုကျယ်လာခဲ့သည်။ စီးပွားရေးအမြင်ရှိသော အမျိုးသမီးတို့၏ နယ်ပယ်သည် အရောင်းအဝယ်လုပ်ငန်းတစ်ခုတည်း မဟုတ်တော့ချေ။ ကုန်ထုတ်မှု၊ ဝန်ဆောင်မှု၊ စီမံခန့်ခွဲမှု၊ ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတို့၌ ပါဝင်နေကြပြီဖြစ်သည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီကို ၁၉၉၆ ခုနှစ် ဇူလိုင်လ ၃ရက်နေ့တွင် စတင်ဖွဲ့စည်းပြီးနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် ဟူ၍ စုစည်းပေါ်ပေါက်ခဲ့သည်။ ၁၉၉၅ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း ဟူ၍လည်း စီးပွားရေးစွမ်းဆောင်မှုကိုအခြေပြု၍ ဖွဲ့စည်းတည်ထောင်ခဲ့သည်။

အမျိုးသမီးများနှင့် စီးပွားရေးနည်းဗျူဟာ ရည်မှန်းချက် ငါးရပ်တွင် **"အမျိုးသမီးများ စီးပွားရေးအင်အားစု၊ အလုပ်အကိုင်ဈေးကွက်နှင့် ကုန်သွယ်မှု အခွင့်အလမ်းများ တိုးတက်ရရှိရန်"** ဟူသောအချက်နှင့် **"စီးပွားရေးအထောက်အကူပြု သင်တန်းများကို(အထူးသဖြင့် ဝင်ငွေနည်း အမျိုးသမီးများ၊ ကျေးရွာအမျိုးသမီးများ အပါအဝင်) ဆောင်ရွက်ပေးခြင်းဖြင့် ဈေးကွက်အခြေအနေ၊ စီးပွားရေး၊ သတင်းအချက်အလက်များ၊ နည်းပညာများရရှိစေရန်"** ဟူသော အချက်နှစ်ရပ်ကို တွေ့ခဲ့ရသည်။

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း၏ ရည်ရွယ်ချက်ငါးရပ်တွင်ကား **" တိုးတက်ခေတ်မီသော စီးပွားရေးစီမံခန့်ခွဲမှုနည်းပညာများ မြန်မာ့စီးပွားရေး အမျိုးသမီးထုအတွင်းပြန့်ပွားရေး အားပေးဆောင်ရွက်ရန်"**ဟူသော အပိုဒ်(ဂ)နှင့် **"မြန်မာအမျိုးသမီးများ၏ လူမှုရေး၊ စီးပွားရေးဘဝတိုးတက်မြင့်မားရေးနှင့် ပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုအကျိုးပြု စီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းရေး အားပေးပါဝင်ရန်"** ဟူသော အပိုဒ်(ဃ)တို့အပြင် **"ပြည်တွင်းပြည်ပမှ အဖွဲ့အစည်းများ၊ စီးပွားရေးပညာရှင်များနှင့် ဆက်သွယ်မှုကို အားပေးဆောင်ရွက်စေရန်"**ဟူသော အပိုဒ်(င) တို့ ပါဝင်နေသည်။

အမျိုးသမီးများအား စီးပွားရေးစွမ်းဆောင်မှု စိတ်ဓာတ်များထွန်းကားစေရန် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းကို စတင်တည်ထောင်ကြသူ နာယကများနှင့် အခြားအမျိုးသမီးစာရေးဆရာတို့ကလည်း ဝိုင်းဝန်းစည်းရုံးအားပေးလျက်ရှိသည်။ **"မိမိတို့၏ ဘဝအခြေအနေ၊ အချိန်ကာလ၊ အသက်အရွယ်ကိုလိုက်၍ အိမ်ထောင်သားမွေး အလုပ်တစ်ခုတည်းနှင့် မပြီးဆုံးသေးဘဲ မိသားစုဖွံ့ဖြိုးရေး၊ ရပ်ရွာနိုင်ငံဖွံ့ဖြိုးရေးတို့တွင် အမျိုးသမီးစွမ်းအားကို အသုံးချကာ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လှုပ်ရှားကြရန်"**ဟူ၍ ၂၀၀၀ ပြည့်နှစ် အမျိုးသမီးရေးရာ မဂ္ဂဇင်းပါ **"အမျိုးသမီးများ၏ဖွံ့ဖြိုးမှုစွမ်းအား"** ဆောင်းပါးတွင် ပါမောက္ခ ဒေါ်ရီရီမြင့်က ဆိုသည့်နည်းတူ ဆရာမဒေါ်ကြည်ကြည်လှကလည်း ယင်းမဂ္ဂဇင်းပါ **"မြန်မာအမျိုးသမီးများ၏ လောကအမြင်"** ဆောင်းပါးတွင် **"နိုင်ငံရဲ့ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းတွေမှာ အမျိုးသမီးတွေရဲ့ပါဝင်မှုလုပ်အားဟာ ကြီးမားလှပါတယ်"**ဟူ၍ ဆိုသည်။ ဆရာမ မန်းခင်ခင်ကလည်း **"ကျွန်မတို့ မြန်မာအမျိုးသမီးကလေးများသည် အတွေးမှန်၊ အမြင်မှန်ရဖို့လိုအပ်ပါသည်။ ခေတ်ကိုလည်း မကျော်အောင်၊ စနစ်ကိုလည်းမကျော်အောင် ထိန်းသိမ်းပြီး မည်သည်ကိုတော်အောင် လုပ်ရမည်လဲ၊ ဘယ်အရာကို ခေတ်မီအောင် လိုက်မလဲဟု ချင့်ချိန်စဉ်းစားရပါမည်။ ကျွန်မတို့ မြန်မာပြည်မှာ အတုယူစရာအလုပ်တွေ အများကြီးပေါ်နေပါပြီ"**ဟု **"မြန်မာအမျိုးသမီးများနှင့် သဘာဝအလှများ"** ဆောင်းပါးတွင် ဖော်ပြထားသည်ကို တွေ့ရသည်။

တစ်ခါက အင်္ဂလိပ်ဘာသာဖြင့် ရေးသားသော မြန်မာစာရေးဆရာမကြီးတစ်ဦးက **"ကျွန်မတို့သည် မည်မျှပင် အခက်အခဲများနှင့် ရင်ဆိုင်ကြရသည်ဖြစ်စေ၊ စိတ်သောက အကြီးအကျယ်မခံရဘဲ နေနိုင်ကြ၏။ သို့သော် ကျွန်မတို့သည် ကမ္ဘာပေါ်ရှိ မည်သည့်လူမျိုးနှင့်မဆို ယှဉ်လိုက်လျှင် အောက်ကျနောက်ကျဖြစ်သည် ဟူ၍ကား ကျွန်မတို့ မည်သည့်အခါမျှ မယုံကြည်ခဲ့ကြပေ"**ဟု မြန်မာအမျိုးသမီးတို့၏ စိတ်ဓာတ်ကို ဖော်ပြခဲ့လေသည်။

ဖော်ပြပါ မြန်မာအမျိုးသမီးများ၏ ခေတ်အဆက်ဆက်တွင် ထက်ထက်မြက်မြက် ဆောင်ရွက်နိုင်ခဲ့သော အစဉ်အလာကောင်းများနှင့် အညီ ဖော်ဆောင်လျက်ရှိကြသည့် မြန်မာအမျိုးသမီးစွမ်းဆောင်ရှင်များ၏ အောင်မြင်ဖြစ်ထွန်းမှု အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းမြှင့်တင်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ၂၀၀၅ခုနှစ်၊ ဇူလိုင်လ ၃ရက်နေ့တွင် ကျရောက်မည့် **"မြန်မာအမျိုးသမီးများနေ့"**ကို ဂုဏ်ပြုကြိုဆိုရေးသားလိုက်ရပါသည်။ ။

ကျေးဇူးတင်စကား

၂၀၀၅ ခုနှစ်၊ ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်သို့ စေတနာရှင်၊ အလှူရှင်များက ဒုတိယအကြိမ် အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ ကျေးဇူးတင်စကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို ဒုတိယအကြိမ်အလှူငွေနှင့် ပစ္စည်းများလှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇွန် ၂၃

၂၀၀၅ ခုနှစ် ဇူလိုင် ၃ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်သို့ စေတနာရှင်၊ အလှူရှင်များက ဒုတိယအကြိမ် အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်၊ အထွေထွေအတွင်းရေးမှူး၊ တွဲဖက် အထွေထွေ အတွင်းရေးမှူး၊ အတွင်းရေးမှူးအဖွဲ့ဝင်များ၊ ဌာနကြီးမှူးများနှင့် လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အလှူရှင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၏ ဇနီးများက အလှူငွေကျပ် ၂၅၀၀၀၀၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ငွေကျပ်၃၀၀၀၀၀၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်နှင့် အကျိုးတူ ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများက စုပေါင်းလှူဒါန်း ငွေကျပ်သိန်း ၁၀၀၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ စက်ရေတွင်းနှင့် ရေလှောင်ကန်များ ဆောက်လုပ်ခြင်းများအတွက် ငွေကျပ် ၂၃သိန်း၊ ဗိုလ်မှူးမောင်လတ် (ငြိမ်း) ဒေါ်နန်းယဉ်ယဉ် (စိုးစံဘော်ဒါဆောင်-ပြင်ဦးလွင်)က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ ငွေကျပ်သိန်း ၅၀နှင့် မန္တလေးတိုင်း၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များသို့ ငွေကျပ် ၁၃သိန်း၊ ဦးကျော်အောင်-ဒေါ်ရင်ဝမ် (Benhur) ကုမ္ပဏီက ငွေကျပ် ငါးသိန်း၊ ဦးထွန်းမြင့်-ဒေါ်အေးအေးညွှန့် (ကြက်လျှာစွန်းဒံပေါက်)က အမျိုးသမီးရေးရာ စာတမ်းဖတ်ပွဲအတွက် ငွေကျပ် သုံးသိန်း၊ ပြည်ထဲရေးဝန်ကြီးဌာနက ငွေကျပ်သုံးသိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနက ငွေကျပ်နှစ်သိန်း၊ အားကစားဝန်ကြီးဌာနက ငွေကျပ် တစ်သိန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ငွေကျပ် တစ်သိန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ငွေကျပ်တစ်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမျိုးသမီးအသင်းက ငွေကျပ်တစ်သိန်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ငွေကျပ်တစ်သိန်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာ ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်စန်းနွယ်က ငွေကျပ်တစ်သိန်း၊ ဒေါ်လဲ့ရည်မွန်ကံသိန်းနှင့် ဒေါ်လဲ့ယုမွန်ကံသိန်းတို့က ငွေကျပ် ၃၅သိန်းတန်ဖိုးရှိ ကျောင်းလွယ်အိတ်အလုံး ၁၀၀၀၊ ဦးသိန်းဦး-ဒေါ်ခင်ခင်စိန် (Angel စားသောက်ဆိုင်)က ငွေကျပ်တစ်သိန်းတန်ဖိုးရှိ စာအုပ်ဒါဇင် ၁၀၀နှင့် ငွေကျပ်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✧

၂၀၀၅ ခုနှစ် ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ စေတနာရှင်၊ အလှူရှင်များက ဒုတိယအကြိမ် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ လှူဒါန်းငွေကျပ် သုံးသိန်းကို အသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ လက်ခံယူစဉ်။ (သတင်းစဉ်)

၂၀၀၅ ခုနှစ် ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်သို့ စေတနာရှင်၊ အလှူရှင်များက ဒုတိယအကြိမ် အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် အလှူရှင်များ၏ လှူဒါန်းငွေများကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့် လက်ခံယူစဉ်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများ စွမ်းပကား

☆ ကျန်းမာရေးရာ၊ ပြောင်မြောက်စွာပင်
ရောဂါအများ၊ ရှင်းဖယ်ရှားမည့်
ကျော်ကြားထင်ပေါ်၊ သမားတော်။

☆ ပညာရေးရာ၊ မြင့်မားစွာပင်
သင်ကာညွှန်ကြား၊ တာဝန်များနှင့်
ထင်ရှားတောက်ပ၊ ပါမောက္ခ။

☆ ဆက်သွယ်ဆောက်ထား၊ လမ်းတံတားနှင့်
အိမ်များတိုက်တာ၊ ဖန်တီးရာမှာ
မဟာပညာ၊ ဗိသုကာ။

☆ စာပေစွမ်းအင်၊ ပညာရှင်များ
စုံလင်ရသ၊ ရေးသီကြသည့်
ကဝိအမော်၊ စာဆိုတော်။

☆ စီးပွားရေးရာ၊ ကျွမ်းကျင်စွာပင်
လိမ္မာပါးနပ်၊ လျင်ဖျတ်လတ်၍
နှံ့စပ်စုံလင်၊ စွမ်းဆောင်ရှင်။

☆ စက်ရုံအလုပ်ရုံ၊ ကဏ္ဍစုံမှ
ထုတ်ကုန်စွမ်းအား၊ ဆင့်မြင့်မားအောင်
ကြိုးစားလှုပ်ရှား၊ ပြည့်လုပ်သား။

☆ အားကစားမှာ၊ ထူးချွန်စွာဖြင့်
ကမ္ဘာကျော်သည်၊ ထင်ပေါ်ပြီမို့
ဂုဏ်ရည်မြင့်မား၊ အမျိုးသမီးများ။

☆ မြန်မာအမျိုးသမီးများ၊ စွမ်းပကားသည်
ထူးခြားပြောင်မြောက်၊ လျှမ်းလျှမ်းတောက်မို့
ဝမ်းမြောက်ဝမ်းသာ၊ ဂုဏ်ယူပါသည်
ရွှေကြာတွေပွင့်၊ ငွားငွားစွင့်။

[၂၀၀၅ခုနှစ်၊ ဇူလိုင်လ(၃)ရက် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုလျက်...]

နန်းမွန်ဟိန်း

လှူဒါန်း

၂၀၀၅ခုနှစ် ဇူလိုင် ၃ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်သို့ စေတနာရှင်၊ အလှူရှင်များက ဒုတိယအကြိမ် အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ ဇနီးများက လှူဒါန်းငွေ ကျပ် ၂၅၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ လက်ခံယူစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ ဧည့်ခန်းမ၌ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ (၂၀၀၅) အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးအတွက် ကော်မတီ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများအား မှာကြားစဉ်။ (သတင်းစဉ်)

❀ **ရှေ့ဖုံးမှ**

ယင်းနောက် အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ (၂၀၀၅)ကျင်းပမည့် မြန်မာကွန်ဗင်းရှင်းစင်တာရှိ ညီလာခံခန်းမနှင့် ညီလာခံကိုယ်စားလှယ်များ ခေတ္တနားနေ စားသောက်ခန်းတို့၏ စီစဉ်ဆောင်ရွက်ထားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍အတွင်းရေးမှူး(၁)၊စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အား ဧည့်ခန်းမ၌ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း(အငြိမ်းစား)၊ ညီလာခံ ကျင်းပရေးကော်မတီ အတွင်းရေးမှူး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် တာဝန်ရှိသူများက ညီလာခံကျင်းပရေး ကြိုတင် ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်း ဆောင်ရွက်ပေးပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ (၂၀၀၅) အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးအတွက် ကော်မတီ၊ ဆပ်ကော်မတီ အားလုံးက ညှိနှိုင်းဆက်စပ်ဆောင်ရွက်သွားကြရေး မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် အဖွဲ့ဝင်များလိုက်ပါလျက် ဘုရင့်နောင်လမ်းရှိ အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်းသို့ ရောက်ရှိပြီး ကိုယ်စားလှယ်များ စားသောက်ဆောင်နှင့် ကိုယ်စားလှယ်အစုအဖွဲ့အလိုက် နီးနှောဖလှယ်ပွဲများ ကျင်းပမည့် ခန်းမများကိုလည်းကောင်း၊ အိပ်ဆောင်နှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာန အရောင်းဆိုင်များကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကာ ညပိုင်းတွင် အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်းမှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်မြို့ ဘုရင့်နောင်လမ်းရှိ အမှတ်(၁)စစ်ကြောရေးနှင့် တည်းခိုရေးစခန်းအတွင်း မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံကိုယ်စားလှယ်များအတွက် အမှတ်(၁) စက်မှုဝန်ကြီးဌာနက ဖွင့်လှစ်မည့် ဝင်းသူဇာအရောင်းဆိုင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

✧ **စာမျက်နှာ ၇မှ**

✧ စာမျက်နှာ ၇မှ

တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် ဘဏ္ဍာရေးဌာနကြီး၊ အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေး လုပ်ငန်းအဖွဲ့၊ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့၊ ဒေါ်သိန်းဆိုင် (စာရေးဆရာမကြီး မမြတ်လေး) မြတ်လေးရုံ မိသားစု၊ ဦးတင်လှ–အဂ္ဂမဟာသီရိ သုဓမ္မသိင်္ဂီ (လူမှုထူးချွန်ဒုတိယဆင့်) ဒေါ်အေးအေးကြည်နှင့် ဒေါက်တာ အောင်ကျော်ဝင်း၊ ဒေါက်တာ သက်သက်ခိုင်၊ သမီး သက်ရတနာဝင်းတို့က ငွေကျပ် တစ်သိန်းစီ တို့ကိုလည်းကောင်း၊ အဖွဲ့ချုပ် ဒေသစည်းရုံးရေးမှူးများက ငွေကျပ် ၁၄၀၀၀၀ ကိုလည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က နှစ်ပတ်လည်စုံညီအစည်းအဝေး ဂုဏ်ပြုတေးသီချင်းဖြစ်သည့် “ဖယောင်းလက်တို့ ပေါင်းယှက်ညီ” သီချင်းကို ရေးစပ်သီကုံးသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဆွေ (တေးပြုဆရာ မြင့်မိုရ်ဆွေ)အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က အလှူရှင်များအား ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းနှင့် ကနေဒါအမျိုးသမီး ဘောလုံးအသင်း ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂၃

မြန်မာအမျိုးသမီးလက်ရွေးစင် ဘောလုံအသင်းနှင့် AIA ကနေဒါ အမျိုးသမီးဘောလုံးအသင်းတို့၏ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် အောင်ဆန်းအားကစားပြိုင်ဝင်း အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့်တာဝန်ရှိသူများ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားသည်။

အဆိုပါ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကို လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ဇွန် ၃၀ ရက်နှင့် ဇူလိုင် ၂ ရက် ညနေ ၄နာရီတွင် ကျင်းပမည်ဖြစ်ပြီး ဂိတ်ဝင်ကြေးမှာ အထူးတန်း ငွေကျပ် ၅၀၀နှင့် ရိုးရိုးတန်း ငွေကျပ် ၂၀၀ ဖြစ်သည်။ (သတင်းစဉ်)

မုတ်သုံလေ အသင့်အတင့် ရှိမည်

ရန်ကုန် ဇွန် ၂၃

လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်၊ မကွေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

ဇွန် ၂၄ ရက် ညနေအထိ ခန့်မှန်းချက်မှာ ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

ent(24) 8 6/24/05, 12:14 AM

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်မြို့ ဘုရင့်နောင်လမ်းရှိ အမှတ်(၁) စစ်ကြောရေးနှင့်တည်းခိုရေးစခန်း စားရိပ်သာတွင် ညီလာခံ ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ ဂုဏ်ပြုကြိုဆို သန့်ရှင်းရေးဆောင်ရွက်

ရန်ကုန် ဇွန် ၂၃

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ (၂၀၀၅)ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဇွန် ၁၈ရက်တွင် သထုံမြို့ ရွှေစာရံစေတီတော်ပရိဝုဏ်အတွင်း သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြရာ သထုံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးခင်မောင်ရွှေ (ငြိမ်း) ဦးဆောင်၍ မြို့မ (၅)ရပ်ကွက်မှ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များသည် ရွှေစာရံစေတီတော် ပရိဝုဏ်အတွင်းရှိ ချုံနွယ်များကို ရှင်းလင်းကြသည်။

(သတင်းစဉ်)

✡ မြန်မာနိုင်ငံမှ

ကြိုဆိုနေရာချထားရေးနှင့် ကိုယ်စားလှယ်စိစစ်ရေး ဆပ်ကော်မတီဝင်၊ တပ်မတော်မှတ်တမ်းရုံးတပ်မှူး ဗိုလ်မှူးချုပ် မျိုးမြင့်နှင့် ဆပ်ကော်မတီမှ တာဝန်ရှိသူများ၊ မင်္ဂလာဒုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူး ခင်မောင်သန်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်တို့မှ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

နေရာချထား

အလားတူ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၀၅)သို့ တက်ရောက်ရန်အတွက် ကယားပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်ထွန်း ခေါင်းဆောင်သော ပြည်နယ်၊ ခရိုင်၊ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များသည် ယနေ့နံနက် ၉နာရီခွဲတွင် အောင်မင်္ဂလာအဝေးပြေးစခန်းသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိလာရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၀၅) ကျင်းပရေး၊ ဖိတ်ကြားရေး၊ ကြိုဆိုနေရာချထားရေးနှင့် ကိုယ်စားလှယ်စိစစ်ရေး ဆပ်ကော်မတီဝင် ဗိုလ်ကြီးနွယ်ဝင်း(ငြိမ်း) ခေါင်းဆောင်သော အဖွဲ့ဝင်များက ကြိုဆိုကြပြီး ကိုယ်စားလှယ်ကြီးများအား တည်းခိုဆောင်များသို့ ပို့ဆောင် နေရာချထားပေးကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅)သို့ တက်ရောက်ရန်အတွက် တနင်္သာရီတိုင်းမှ ညီလာခံကိုယ်စားလှယ်များ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ ကြိုဆိုနှုတ်ဆက်သူများနှင့် အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ကမ္ဘာ့အိုလံပစ်နေ့ အထိမ်းအမှတ် သေနတ်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၃

မြန်မာနိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၅ခုနှစ် ကမ္ဘာ့အိုလံပစ်နေ့အထိမ်းအမှတ် သေနတ်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် တောင်ဥက္ကလာပမြို့နယ် ဥက္ကလာသေနတ်ပစ်ကွင်း၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် နာယက၊ မြန်မာနိုင်ငံသေနတ်ပစ်အားကစားတာဝန်ခံ နာယက၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်ခင်ခင်လေးနှင့် နာယကများ၊ မြန်မာနိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် နာယက၊ မြန်မာနိုင်ငံ သေနတ်ပစ်အားကစားတာဝန်ခံ နာယက၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်ခင်ခင်လေးက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် မြန်မာနိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ် တွဲဖက် အတွင်းရေးမှူး ဗိုလ်မှူးမင်းသော်က ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက ပြိုင်ပွဲ၏ယှဉ်ပြိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကိုဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် နာယကနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဧည့်သည်တော်များက ပြိုင်ပွဲ၏ပွဲစဉ်အလိုက် ဆုများကို အလှည့်ကျ ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် နာယက၊ မြန်မာနိုင်ငံ သေနတ်ပစ်အားကစားတာဝန်ခံ နာယက၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး ဒေါ်ခင်ခင်လေးက လက်ရွေးစင်တန်း စိတ်ကြိုက်ပစ္စတိုပြိုင်ပွဲတွင် စံချိန်မီအမှတ်ကျော်လွန်ဆုရ မောင်ကြူ(ကာကွယ်ရေးဝန်ကြီးဌာန)၊ စိတ်ကြိုက် ရိုင်ဖယ်ပြိုင်ပွဲတွင် စံချိန်မီ အမှတ်ကျော်လွန်ဆုရ ခင်မောင်ထူး (ကာကွယ်ရေးဝန်ကြီးဌာန)၊ အောင်ငြိမ်းနီ (မြို့တော်စည်ပင်)နှင့် ကျော်မိုးဝင်း(အားကစားဝန်ကြီးဌာန)တို့အား ဆုများ ပေးအပ်ချီးမြှင့်လိုက်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅)သို့ တက်ရောက်ရန်အတွက် ရခိုင်ပြည်နယ်မှ ညီလာခံကိုယ်စားလှယ်များ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ ကြိုဆိုနှုတ်ဆက်သူများနှင့် အတူ တွေ့ရစဉ်။ (သတင်းစဉ်)

✧ ကျောဖုံးမှ

ယင်းနောက် မော်တော်ယာဉ်များဖြင့် နံနက်၈နာရီ၁၅မိနစ်တွင် မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် မာလဲကြီးကျေးရွာအနီး မာလဲနတ်တောင်ချောင်းပေါ်၌ မန္တလေးတိုင်း ဆည်မြောင်းဦးစီးဌာနက တည်ဆောက်လျက်ရှိသည့် မာလဲနတ်တောင် ရေလှောင်တမံ စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ မန္တလေးတိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးအေးသိန်းက မာလဲနတ်တောင် ရေလှောင်တမံ တည်ဆောက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူး (ဒီဇိုင်း) ဦးခင်မောင်ချစ်က ဒီဇိုင်းပိုင်းဆိုင်ရာ အချက်အလက်များကို လည်းကောင်းရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်ရန်မှာကြားသည်။

ရေပေးဝေနိုင်မည်

မာလဲနတ်တောင် ရေလှောင်တမံပြီးစီးပါက ဧက ၁၀၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မန္တလေး–မတ္တရာကားလမ်းနှင့် မန္တလေးမြို့ရှောင်လမ်းဆုံသို့ ရောက်ရှိကြရာ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးမြို့ရှောင်လမ်း အောက်ခြေအမာခံကျောက် ခင်းပြီးစီးမှုကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ မန္တလေးမြို့ရှောင်လမ်းအပိုင်းမှာ မန္တလေး–မတ္တရာ ကားလမ်းဆုံမှ နယ်မြေခံစစ်မြေပြင်အင်ဂျင်နီယာ တပ်ရင်းအထိ ပေ ၁၂၈၀၀ ရှည်ပြီး အကျယ် ၂၄ ပေရှိ ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် နန်းရှေ့မှ ပြင်ဦးလွင်လမ်းအတိုင်း နားဌောင်းကျချောင်းဆုံကို မြစ်ငယ်လမ်းအတိုင်း ကြည့်ရှုစစ်ဆေးပြီး မြစ်ငယ်တံတားသို့ ရောက်ရှိကြသည်။

ဖြည့်စွက်မှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မြစ်ငယ်တံတားအသစ်နှင့် ရန်ကုန်–မန္တလေးကားလမ်း ဆက်သွယ်သည့် ခြောက်လမ်းသွား ချဉ်းကပ်လမ်း နိုင်လွန်ကတ္တရာခင်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာများက ရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို တာဝန်ရှိသူများအား ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဆောက်လုပ်ပြီးစီးနေပြီဖြစ်သည့် မြစ်ငယ်တံတားသစ်ကို ကြည့်ရှုစစ်ဆေးရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတံတားတည်ဆောက်ရေးအထူးအဖွဲ့(၁၂)မှ အင်ဂျင်နီယာမှူး ဦးစိုးမင်းက ရှင်းလင်းပြသသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

(သတင်းစဉ်)

စာအုပ်လှူဒါန်းပွဲ

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များနှင့် စာပေဒါန ငွေပဒေသာပင် လှူဒါန်းပွဲ (ဆဋ္ဌမအကြိမ်)ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပါမည်–

နေ့ရက် – ၂၄–၆–၂၀၀၅(သောကြာနေ့)
အချိန် – မွန်းလွဲ (၁)နာရီခွဲ
နေရာ – ပြန်ကြားရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။

စာအုပ်/ငွေပဒေသာပင်လှူဒါန်းလိုကြသော စေတနာရှင်၊ အလှူရှင်များသည် အချိန်မီ တက်ရောက်လှူဒါန်းနိုင်ပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

လှူဒါန်းလိုသူများဆက်သွယ်ပါရန်

၃၇၁၃၃၉
၃၇၉၇၆၉
၂၅၂၄၅၁

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
၂၂–၂၄၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၄–၆–၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၆။ အကပြိုင်ပွဲ
၈:၀၀ ၇။ ကြေးမုံရိပ်သွင်တေးနှယ်ဉ်
၈:၁၅ ၈။ သုံးဆယ်ရေလှောင်တမံ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ English for Everyday Use.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice in Reading.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ)
၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅:၃၀ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
၅:၄၅ ၈။ မြန်မာစာ၊မြန်မာစကား(အပိုင်း–၂)
၅:၅၅ ၉။ **“ကုသမနေး တီဘီဘေး” (ရာဇာနေဝင်း၊ သုမောင်၊ ညီကျော်၊ မတူး) (ဒါရိုက်တာ–ပန်းချီစိုးမိုး)**
၆:၀၅ ၁၀။ တေးဂီတအစီအစဉ်
၆:၁၅ ၁၁။ Discovery.
၆:၂၀ ၁၂။ သက်တံရောင်သံစဉ်
၆:၃၀ ၁၃။ ညနေခင်းသတင်း
၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်သောညီမ” (အပိုင်း–၄၂)**
၇:၃၅ ၁၆။ နှောင်းခေတ်တေးပဒေသာ
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **မြန်မာဗီဒီယိုဇာတ်လမ်း “ဝန်တင်လိပ်ပြာ”(အပိုင်း–၂) (လူမင်း၊ ထွန်းအိန္ဒြာဗို) (ဒါရိုက်တာ–မိုက်တီး)**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲ တက်ရောက်

ရန်ကုန် ဇွန် ၂၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဇွန် ၁၈ရက်တွင် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာသို့ရောက်ရှိပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်အဆိုပြုလွှာပေးအပ်သည့် အခမ်းအနားသို့ တက်ရောက်သည်။

ယင်းအခမ်းအနားတွင် ရှေးဦးစွာ မော်ဟန်ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူးက အသင်းဝင်အဆိုပြုလွှာအစောင် ၅၀၀ကိုပေးအပ်ရာ ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးက လက်ခံရယူသည်။ ထို့နောက် ဗဟိုအတွင်းရေးမှူးသည် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နိုင်ရေးအတွက်ကျောင်းသုံးပစ္စည်းများနှင့် ကျေးလက် စာကြည့်တိုက်သို့ စာအုပ်များလှူဒါန်းသည်။

ဖြည့်ဆည်းမှာကြား

ဆက်လက်၍ ဗဟိုအတွင်းရေးမှူးသည် မိုးညှင်းမြို့နယ် ဆယ်မိုင်ရွာသစ် အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ဗဟိုအတွင်းရေးမှူးသည် မွန်းလွဲပိုင်းတွင် မိုးညှင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများနှင့် တွေ့ဆုံ၍ လူငယ်စည်းရုံးရေးလုပ်ငန်းများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသင်းဝင်များ တက်ကြွစွာပါဝင်ရေး မှာကြားသည်။ ဆက်လက်၍ ဗဟိုအတွင်းရေးမှူးသည် မိုးညှင်းမြို့ ဒီဂရီကောလိပ်၌ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးသည် မိုးညှင်းမြို့ ဆက်သွယ်ရေး အော်တိုအိတ်ချိန်းနှင့် ဘီလူးကျေးရွာအိတ်ချိန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပြုလွှာပေးအပ်

ဆက်လက်၍ ဗဟိုအတွင်းရေးမှူးသည် ဘီလူးကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ ယင်းအခမ်းအနားတွင် ဘီလူးကျေးရွာ အသင်းစည်းရုံးရေးမှူးက အသင်းဝင်အဆိုပြုလွှာအစောင် ၃၀၀ကိုပေးအပ်ရာ ကချင်ပြည်နယ် အသင်းအတွင်းရေးမှူးက လက်ခံရယူသည်။ ဗဟိုအတွင်းရေးမှူးသည် ဇွန် ၁၉ရက် နံနက်ပိုင်းတွင် ဟိုပင်မြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။ယင်းအခမ်းအနားတွင် ဟိုပင်မြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူးက အသင်းဝင်အဆိုပြုလွှာ အစောင် ၁၂၀၀ကို ပေးအပ်ရာ ဗဟိုအတွင်းရေးမှူးက လက်ခံသည်။ ဆက်လက်၍ ဗဟိုအတွင်းရေးမှူးသည် ဟိုပင်ဒေသ၊ နမ္မားဒေသနှင့် အင်းတော်ကြီးဒေသ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နိုင်ရေးအတွက် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူးသည် မြို့သစ်ကလေးကျေးရွာအုပ်စု အခြေခံပညာ အထက်တန်း ကျောင်းခွဲ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်များနှင့် ဒေသခံမိဘပြည်သူများနှင့် တွေ့ဆုံသည်။ ထို့နောက် အဆိုပါ အထက်တန်းကျောင်းခွဲ ကျောင်းဆောင်များ ပြင်ဆင်ပြီးစီးမှုများကို စစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူးသည် မိုးညှင်းမြို့နယ် နန့်ရင်းကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဆောင်ရွက်နေသော စပါးခွံလျှပ်စစ်ဓာတ်အားပေး လုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် နန်းခွင်ကျေးရွာ၊ နမ္မနကျေးရွာနှင့် ကညင်မြိုင်ကျေးရွာ တယ်လီဖုန်း အိတ်ချိန်းများ၏ ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗဟိုအတွင်းရေးမှူးသည် မွန်းလွဲပိုင်းတွင် မိုးကောင်းမြို့သို့ ရောက်ရှိပြီး မိုးကောင်း မြို့နယ်အသင်း အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများနှင့် တွေ့ဆုံ၍ အသင်း၏ လိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးကာ ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နိုင်ရေး၊ ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ဝန်ကြီးသည် ဇွန် ၂၁ရက်တွင် မြစ်ကြီးနားမြို့ ပါရမီဦး အခမဲ့ဆေးဝါးပေးလှူကုသခန်းသို့ သွားရောက်၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ဆက်လက်၍ ဝန်ကြီးသည် ကျောင်းထိုင်ဘုန်းတော်ကြီး သင်တန်းကျောင်းသို့ သွားရောက်ပြီး ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံအား ဖူးမြော်ကန်တော့၍ လှူဖွယ်ဝတ္ထုများ လှူဒါန်းခဲ့သည်။ (သတင်းစဉ်)

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင် အဆိုပြုလွှာ ပေးအပ်သည့် အခမ်းအနားတွင် မော်ဟန်ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူးက အသင်းဝင် အဆိုပြုလွှာ အစောင် ၅၀၀ကို ပေးအပ်ရာ ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးက လက်ခံရယူစဉ်။ (ဆက်သွယ်ရေး)

ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇွန် ၂၃

လှိုင်သာယာမြို့နယ် သာယာကုန်း ပရိယတ္တိစာသင်တိုက်တွင် ပရိယတ္တိစာပေများကို သင်ကြားပို့ချလျက်ရှိသော သာသနာပြုဓမ္မကထိကဘဒ္ဒန္တတေဇဝန္တ (ဂန္ထဝါစကပဏ္ဍိတ) အမှူးပြုသော စာချစာသင်ပရိယတ္တိဝန်ဆောင် သံဃာတော်အပါး ၁၅၀ တို့အား စုပေါင်းဝါဆိုသင်္ကန်း ကပ်လှူပွဲကို ဇူလိုင် ၂၀ ရက် (ဝါဆိုလပြည့်နေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုသူများသည် အကျိုးတော်ဆောင်အဖွဲ့နှင့် ဖုန်း-၇၀၀၇၇၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

လူမှုဝန်ထမ်းဦးစီးဌာနသို့ ဗလာစာအုပ်များ လှူဒါန်း

ရန်ကုန် ဇွန် ၂၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်း ဦးစီးဌာနအောက်ရှိ လူငယ်သင်တန်းကျောင်းများသို့ ကျောင်းသုံးဗလာစာအုပ်များ လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၁၀နာရီတွင် မရမ်းကုန်းမြို့နယ် အမှတ်(၆၄) ကမ္ဘာအေးစေတီလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန ရုံးချုပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ ရွှေမင်းသား အကျိုးဆောင်လုပ်ငန်းမှ မန်နေဂျင်းဒါရိုက်တာ ဦးမြတ်သူဝင်းက ကျောင်းသုံးဗလာစာအုပ်များ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး လူမှုဝန်ထမ်းဦးစီးဌာန လူငယ်သင်တန်း ကျောင်းများအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် ခဲဖျက်များ စုစုပေါင်း တန်ဖိုးငွေကျပ် ၂၁၆၀၀၀ကို ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(အောက်ပုံ)**

(သတင်းစဉ်)

အချိုမှုန့်

Monosodium Glutamate (MSG)

စားသုံးခြင်းအန္တရာယ် သတိပေးနှိုးဆော်ချက်

၁။ ယခင်က သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်၊အသား၊ငါးတို့ကို သဘာဝအတိုင်း ချက်ပြုတ်စားသောက်ကြပါသည်။ ယခုအခါတွင် သဘာဝမဟုတ်သည့် အချိုမှုန့်ကို အစားအသောက်များ ပြင်ဆင်ချက်ပြုတ်ရာတွင် သုံးစွဲလာကြပါသည်။

၂။ အချိုမှုန့်တွင် လူတို့၏ ကျန်းမာရေးကို ထိခိုက်စေသောဓာတ်များ ပါရှိသည်ကို စစ်ဆေးတွေ့ရှိရပါသည်။ အချိုမှုန့်ကို စားသုံးခြင်းကြောင့် အောက်ပါရောဂါများ ဖြစ်ပွားစေပါသည်-

* **ပန်းနာရင်ကျပ်ရောဂါ**
* **အရေပြားယားယံခြင်း၊ အပိမ့်ထွက်ခြင်း**
* **နှလုံးရောဂါနှင့်တူသော ရင်ဘတ်အောင့်ရောဂါ**
* **သွေးတိုးရောဂါ**
* **နှလုံးရောဂါ**
* **နှလုံးခုန်စေခြင်း**
* **စိတ်ကယောင်ချောက်ချားဖြစ်ခြင်း**
* **ကျောက်ကပ်အားနည်းသူ၊ ကျောက်ကပ်ရောဂါရှိသူများတွင် ကိုယ်ဖောရောင်ခြင်း**

၃။ သို့ပါ၍ ဟင်းသီးဟင်းရွက်၊ အသား၊ ငါး စသည်တို့ကို သဘာဝအတိုင်း ချက်ပြုတ် ပြင်ဆင်စားသောက်ကြပါရန်နှင့် အချိုမှုန့်ကိုထည့်သွင်းစားသောက်ခြင်း မပြုကြပါရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် အမှတ်(၉၁/၃) သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်နေ ကွယ်လွန်သူမိဘနှစ်ပါး ဖြစ်ကြသော (ဦးညွန့်မောင်-ဒေါ်ငွေ) တို့အား ရည်စူး၍ သားသမီးများဖြစ်ကြသော ဦးကျော်မြင့်၊ ဒေါ်ဝါဝါ မိသားစု၊ ဦးတင်ယု၊ ဒေါ်အေးခိုင်စိုး မိသားစုက ငွေကျပ် တစ်သိန်းငါးသောင်းကို ဥက္ကဋ္ဌဦးရှိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အိုလံပစ်နေ့အထိမ်းအမှတ် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲ ကျင်းပရက်ပြောင်းရွှေ့

ရန်ကုန် ဇွန် ၂၃

၂၀၀၅ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲကို မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်နှင့် MGS Beverages Co., Ltd.တို့ ပူးပေါင်းကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲကို ဇူလိုင် ၂ရက်အစား ဇူလိုင် ၁၆ရက်သို့ ပြောင်းရွှေ့ ကျင်းပမည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲဝင်လိုသူများအတွက် နောက်ဆုံးစာရင်းပေးသွင်းရမည့်ရက်မှာ ဇူလိုင် ၁၂ရက် ညနေ ၄နာရီအထိဖြစ်ပြီး ပြိုင်ပွဲဝင်များ အသက်စစ်ဆေးခြင်း၊ အတန်းခွဲခြားခြင်း၊ အမျိုးသမီးများ ဆေးစစ်ခြင်း၊ အရပ်တိုင်းတာခြင်းနှင့် မှတ်တမ်းယူခြင်းများကို ဇူလိုင် ၁၄ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အားကစားစခန်း၌ ဆောင်ရွက်မည်ဖြစ်သည်။

(သတင်းစဉ်)

အမှတ် (၁၃၅) အခန်း (၁) ရေနံ့သာလမ်း (၂၄) ရပ်ကွက် သုဝဏ္ဏနေ မောင်မြမင်း-မချိုချိုမြင့် (ခ) ချိုချိုစံတို့ကိုယ်စား ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ငွေကျပ် တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့၊ တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင် လက်ခံယူစဉ်။

(က-ပ)

ပေးအပ်လှူဒါန်း

မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ပိုက်ကျော်ခြင်း အားကစားရုံ(သုဝဏ္ဏ)၌ ကျင်းပရာ အားကာ/သိပ္ပံသို့ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌဦးချစ်ခိုင် (ဒေါင်ကုမ္ပဏီအုပ်စု)၏ ကိုယ်စား လှူဒါန်းငွေကျပ်၁၅သိန်းကို ဦးသန်းဦး က မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သို့ ပေးအပ် လှူဒါန်းစဉ်။ (ကြေးမုံ)

ကမ္ဘာ့အိုလံပစ်နေ့ အထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် မြားပစ်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၃

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့နံနက် ၉နာရီတွင် လှုငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ရှိ ပိုက်ကျော်ခြင်းအားကစားရုံ၌ ကျင်းပသည့် ကမ္ဘာ့အိုလံပစ်နေ့အထိမ်းအမှတ် (၁၂)ကြိမ်မြောက် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးဉာဏ်ထွန်းက အမှာစကားပြောကြား၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။ဆက်လက်၍ ဒေါင်အုပ်စုကုမ္ပဏီမှအုပ်ချုပ်မှုဒါရိုက်တာ ဦးချစ်ခိုင်ကိုယ်စား မန်နေဂျာဦးသန်းဦးက အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)အတွက်အလှူငွေကျပ်၁၅သိန်းကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီးကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်သို့ Mega Products Limited Nutraceutical Division Business Manager Mr.Kashyap Nansi က အားဆေးများနှင့် ငွေကျပ်နှစ်သိန်းတန်ဖိုးရှိ အားကစားဝတ်စုံများကို ပေးအပ်လှူဒါန်းရာ ဝန်ကြီးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ချီးမြှင့်သည်။

သရုပ်ပြ

ထို့နောက် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှအားကစားသမားများက Hoop Takraw အားကစားနည်းကို သရုပ်ပြ ခတ်ကစားပြသကြသည်။ ထို့နောက် ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်ပြီးပြိုင်ပွဲများကိုဆက်လက်ကျင်းပသည်။ ပြိုင်ပွဲတွင် အတန်းရှစ်တန်းမှ ပြိုင်ပွဲဝင်အမျိုးသား၊ အမျိုးသမီးအသင်းပေါင်း ၁၀၆သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဇွန် ၂၉ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ထို့နောက် ဝန်ကြီးသည် နံနက် ၁၀နာရီတွင် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ကျိုက္ကဆံကွင်း၌ ကျင်းပသော ၂၀၀၅ ခုနှစ် ကမ္ဘာ့အိုလံပစ်နေ့ အထိမ်းအမှတ် မြားပစ်ပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှု အားပေးသည်။

အခမ်းအနားသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင်၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် တာဝန်ခံ နာယကများ၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ ဒုတိယဥက္ကဋ္ဌ ရဲမှူးကြီးအုန်းမြင့်၊ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဦးနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် မြားပစ် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသမီး Compound တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲတွင် ဆုရရှိကြသူများအား မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် မြားပစ်အားကစားအဖွဲ့ချုပ် တာဝန်ခံ နာယကဒေါ်ညွန့်ညွန့်ဦးကလည်းကောင်း၊ အမျိုးသမီး Recurve တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲတွင် ဆုရရှိကြသူများအား နာယက ဒေါ်ခင်အေးကလည်းကောင်း၊ အမျိုးသား Compound တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲတွင် ဆုရရှိကြသူများအား နာယက ဒေါ်ခင်မိမိကလည်းကောင်း၊ အမျိုးသား Recurve တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲတွင် ဆုရရှိကြသူများအား နာယက ဒေါက်တာဒေါ်ခင်မြဝင်းကလည်းကောင်း၊ အမျိုးသမီးလူသစ်တန်း တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲတွင် ဆုရရှိကြသူများအား မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်အလုပ်အမှုဆောင်ကော်မတီအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မေစိုးကလည်းကောင်းအောင်နိုင်ဆုများအသီးသီးချီးမြှင့်ကြသည်။

(သတင်းစဉ်)

၂၀၀၅ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် မြားပစ်ပြိုင်ပွဲ၌ ဆုရရှိသူများအား မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် နာယက (မြားပစ်အားကစားနည်း တာဝန်ခံ) ဒေါ်ညွန့်ညွန့်ဦးနှင့် နာယကများ၊ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေတို့နှင့် အတူ ဆုယူအပြီးတွေ့ရစဉ်။ (ကြေးမုံ)

ကွန်ဖက်ဒရေးရှင်းဖလား ဘောလုံးပြိုင်ပွဲ ဘရာဇီး-ဂျပန်၊ မက္ကဆီကို-ဂရိ သရေကျ

ကိုလုံး ဇွန် ၂၃

၂၀၀၅ ခုနှစ် ကွန်ဖက်ဒရေးရှင်းဖလား ဘောလုံးပြိုင်ပွဲ၏ နောက်ဆုံး လက်ကျန်အုပ်စုပွဲအဖြစ် ဂျာမနီနိုင်ငံ ကိုလုံးမြို့တွင် ဗုဒ္ဓဟူးနေ့က ဘရာဇီးအသင်းနှင့် ဂျပန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျပြီး ကမ္ဘာ့ဖလားချန်ပီယံဘရာဇီးအသင်းသည် အကြိုဗိုလ်လုပွဲအဆင့်သို့ တက်လှမ်းနိုင်ပြီဖြစ်သည်။

အာရှချန်ပီယံဂျပန်အသင်းသည် ပွဲပြီးခါနီး သုံးမိနစ်အလိုတွင် ချေပဂိုး သွင်းယူနိုင်ကာ ဘရာဇီးအသင်းနှင့် အမှတ်တူရပ်တည်နိုင်သော်လည်း ဂိုးကွာခြားချက်အရဘရာဇီးအသင်းက အုပ်စု(ခ)တွင် ဒုတိယနေရကာ အုပ်စုဗိုလ် မက္ကဆီကိုအသင်းနှင့်အတူ အကြိုဗိုလ်လုပွဲသို့ တက်လှမ်းသွားသည်။

ပွဲချိန် ၁၀ မိနစ်တွင် ရော်ဘင်ဟိုက အဖွင့်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ဘရာဇီးအသင်းကဦးဆောင်ကစားလာသည်။ သို့ရာတွင် ပွဲချိန် ၂၇ မိနစ်တွင် ဂျပန်အသင်းမှ နာကာမူရာက ချေပဂိုးသွင်းယူနိုင်၍ တစ်ဂိုးစီသရေဖြစ်နေသည်။

ဘရာဇီးနှင့်ဂျပန်အသင်းတို့ တစ်ဖက်တစ်ဂိုးစီဖြင့် တန်းတူရည်တူ ရှိနေချိန်တွင် နှစ်ဖက်စလုံးက ကစားအားမြှင့်တင်လာကြပြီး ပထမပိုင်းမပြီးဆုံးမီ ၁၃ မိနစ်အလိုတွင် ဖီဖာ၏ နှစ်အလိုက်အကောင်းဆုံး ဘောလုံးသမားဆုရ ရှိနယ်လ်ဒင်ဟိုက ဘယ်တောင်ပံမှ ရော်ဘင်ဟို တင်ပေးလိုက်သော ဘောလုံးကို ကန်သွင်းယူနိုင်လိုက်သဖြင့် ဘရာဇီးအသင်းမှာ တစ်ဂိုးအသာဖြင့် ရှိနေခဲ့သည်။

ဘရာဇီးကွင်းလယ်ကစားသမားဟောင်းဇီကိုက နည်းပြအဖြစ် တာဝန်ယူထားသော ဂျပန်အသင်းသည် ဒုတိယပိုင်းတွင် ပိုမို၍ ဖိကစားလာခဲ့သည်။ ပွဲချိန် ၄၆ မိနစ်တွင် ကီချီတာမာဒါ၏နေရာတွင် မာဆာဟီအိုဂူရိုဖြင့် လည်းကောင်း၊ ပွဲချိန် ၇၄ မိနစ်တွင် အဆူရှိယာနာဂီဆာဝါ၏ နေရာတွင် တာကာယူကီဆူဇူကီးဖြင့်လည်းကောင်း အစားထိုးခဲ့သည်။

ဘရာဇီးအသင်းကလည်း ပွဲချိန် ၆၂ မိနစ်တွင် ကာကာ၏နေရာ၌ ဂျူလီယို ဘာတစ္စတာဖြင့်လည်းကောင်း၊ အက်ဒရီယာနို၏ နေရာ၌ ရိုနာတို ဖြင့်လည်းကောင်း အစားထိုးခဲ့သည်။ ပွဲချိန် ၇၈ မိနစ်တွင် ရော်ဘာတို၏ နေရာတွင် အီဒူးက အစားဝင်ရောက်လာခဲ့သည်။

ပွဲချိန် ၈၈ မိနစ်တွင် နာကာမူရာက ဖရီးကစ်ကန်သွင်းရာ ဘောလုံးမှာ ဂိုးတိုင်ထိပြီးပြန်ထွက်လာစဉ် အိုဂူရိုကပိတ်သွင်းနိုင်သဖြင့် ဘရာဇီးဂိုးသမား မားကို့စ်မှာ ကာကွယ်နိုင်ခြင်းမရှိခဲ့ပေ။

ဒဏ်ရာအရ အစားဖြည့်ပေးချိန်တွင် အိုဂူရိုက ဂျပန်အသင်းအတွက် အနိုင်ဂိုးရရှိရန် ကြိုးပမ်းခဲ့သော်လည်း ဘရာဇီးဂိုးသမားကာကွယ်နိုင်ခဲ့သည်။

ဘရာဇီးအသင်းသည် အကြိုဗိုလ်လုပွဲအဖြစ် အိမ်ရှင်ဂျာမနီအသင်းနှင့် နျူယင်ဘတ်မြို့တွင် စနေနေ့၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ကွန်ဖက်ဒရေးရှင်းဖလားဘောလုံးပြိုင်ပွဲ အုပ်စု(ခ)ပွဲစဉ်၌ ဂျပန်ဂိုးသမား ယိုရှီကတ်ဆု ကာဝါဂူချီ(ယာ)က ဘရာဇီးအသင်းမှ ဂျူလီယို ဘက်တစ္စတာ၏ ဂိုးသွင်းရန်ကြိုးပမ်းမှုကို ကာကွယ်စဉ်။ (ဓာတ်ပုံ-အင်တာနက်)

မက္ကဆီကို-ဂရိ

ဖရန့်ဖတ်မြို့တွင် ဗုဒ္ဓဟူးနေ့က ကျင်းပသော မက္ကဆီကိုနှင့် ဂရိတို့၏ ပွဲတွင် ဂိုးမရှိသရေကစားခဲ့ကြပြီးနောက်အုပ်စု(ခ)တွင် ခုနစ်မှတ်ဖြင့် အမှတ်အများဆုံးရရှိထားသော မက္ကဆီကိုအသင်းသည် အကြိုဗိုလ်လုပွဲ တက်ခွင့်ရသည့် အသင်းလေးသင်းတွင် ပါဝင်သွားသည်။

မက္ကဆီကိုအသင်းသည် လာမည့်တနင်္ဂနွေနေ့တွင် ဟန်နိုဗာမြို့၌ ကျင်းပမည့် အကြိုဗိုလ်လုပွဲ၌ အာဂျင်တီးနားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

ရိုက်တာ၊ဆင်ဟွာ။

ရန်ကုန်တိုင်း အိုလံပစ်မောင်/မယ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၃

၂၀၀၅ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ်အဖြစ် ကာယဗလမောင်နှင့်ကာယအလှမယ်ရွေးပွဲကို Alpine သောက်ရေသန့် လုပ်ငန်း (Loi Hein Co.,Ltd.)နှင့် ရန်ကုန်တိုင်းကာယဗလနှင့် ကာယအလှဆပ်ကော်မတီတို့ပူးပေါင်း၍ ဇွန် ၂၈ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံပြိုင်ပွဲရုံ၌ကျင်းပမည်ဖြစ်သည်။

ကာယအလှမယ်ပြိုင်ပွဲတွင် ၅ပေ၃လက်မအောက် အငယ်တန်း၊ ၅ပေ ၃လက်မအထက် အကြီးတန်းနှင့် အလွတ်တန်း ခွဲခြားထားပြီး ကာယဗလမောင်ပြိုင်ပွဲတွင်ကီလို ၆၀၊၆၅နှင့် ၆၅အထက်ခွဲခြားထားသည်။ ပြိုင်ပွဲဝင်များသည် အောင်ဆန်း အားကစားကွင်းပြိုင်ပွဲရုံသို့ နံနက်၁၀ နာရီအရောက် သတင်းပို့ရမည်ဖြစ်သည်။ အတွင်းရေးမှူး ဦးကျော်စိန်သန်း ဖုန်း- ၂၇၄၅၀၂ (အောင်ဆန်းအား ကစားပြိုင်ကွင်း)၊ ၅၅၆၆၃၂(အိမ်)သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးကြီး (ယာဉ်စက်ကိရိယာ ရောင်းဝယ်ရေး စခန်း) သန့်ရှင်းရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဈေးများဌာန၊ မြောက်ပိုင်းခရိုင်နှင့် ဘုရင့်နောင်ဈေးကြီးသာယာရေးကော်မတီဝင်များ ကြပ်မတ်လျက် သန့်ရှင်းရေးဝန်ထမ်းများ၊ စည်ပင်သာယာရေးဝန်ထမ်းများ စုပေါင်း၍ ဇွန် ၁၉ ရက်က ဆောင်ရွက်ကြစဉ်။ (စည်ပင်သာယာ)

ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် ဇွန် ၂၃

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇွန်၁၂ရက် နံနက်၉နာရီက ကျောက်ဆည်ခရိုင် စဉ့်ကိုင်းမြို့နယ် ရန်ကုန်-မန္တလေးကားလမ်းမိုင်တိုင် အမှတ် (၄၀၉/၅)အနီးရှိ ပင်းချားတံတားတည်ဆောက်ရေးလုပ်ငန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ ကျောက်ဆည်ခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူး ဦးမောင်မောင်လွင်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အဆိုပါ ပင်းချားတံတားသည် အရှည် ၂၂၄ ပေ၊ ယာဉ်သွားလမ်း အကျယ် ၂၈ပေရှိ သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကျောက်ဆည်မြို့ မဟာရွှေသိမ်တော် စေတီတော်သို့ ရောက်ရှိကြပြီး ဓမ္မာရုံ အတွင်းရှိ မဟာရွှေသိမ်တော် ဘုရားအား ဖူးမြော်ကြည်ညိုကာ စေတီတော် ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်း၍ အရှေ့ဘက်မုခ် ဂန္ဓကုဋိတိုက်နှင့် အာရုံခံတန်ဆောင်းတော် အဆောက်အအုံသစ် တည်ဆောက်ခြင်းလုပ်ငန်းနှင့် ဘက်စုံပြုပြင်မွမ်းမံခြင်း အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

နံနက် ၁၀နာရီတွင် တိုင်းမှူးသည် ကျောက်ဆည်မြို့နယ် အနောက်သာဂရ ကျေးရွာ၌ကျင်းပသည့် ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားသည်။

ဆက်လက်၍ ကျောက်ဆည် နည်းပညာ တက္ကသိုလ်မှ ကထိက ဒေါ်စိုးစိုးအုန်းက ဇီဝဓာတ်ငွေ့ကန်တည်ဆောက်မှုနှင့် ပတ်သက်၍ရှင်းလင်းတင်ပြပြီး အနောက်သာဂရကျေးရွာမှ ဦးမြအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် အနောက်သာဂရကျေးရွာ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားတွင် စက်ရုံကိုကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ပြည်ခရိုင် ကွေ့မဘက်ကမ်းမှ ဆိပ်သာကမ်းသို့ ဧရာဝတီမြစ်ဖြတ် သဘာဝဓာတ်ငွေ့ ပိုက်လိုင်း ကျိုးပျက်မှုကာကွယ်ရေးလုပ်ငန်းများကို ဆိပ်သာဘက်ကမ်းမှ ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)

ကွေ့မ၊ ဆိပ်သာ ဧရာဝတီမြစ်ဖြတ် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ကျိုးပျက်မှုကာကွယ်ရေးလုပ်ငန်း ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ စစ်ဆေး

ရန်ကုန် ဇွန် ၂၃

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ဒုတိယဝန်ကြီး ဦးဖေသန်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်ခင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၂၁ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းအနောက်ခြမ်း ပြည်ခရိုင် ကွေ့မဆိပ်ကမ်းသို့ ရောက်ရှိသည်။

ဝန်ကြီးနှင့်အဖွဲ့သည်ကွေ့မဆိပ်ကမ်းမှ ရေယာဉ်ဖြင့်ထွက်ခွာကြပြီး ကွေ့မဘက်ကမ်းမှ ဆိပ်သာဘက်ကမ်းသို့ ဧရာဝတီမြစ်ဖြတ် ဓာတ်ငွေ့ပိုက်လိုင်း အခြေအနေကို လိုက်လံကြည့်ရှုကြရာ ရေယာဉ်ပေါ်၌ ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် တာဝန်ရှိသူများက မြစ်ဖြတ်ဓာတ်ငွေ့ပိုက်လိုင်း ပတ်ဝန်းကျင်၏ ရေစီးရေလာအခြေအနေ၊ သောင်ထွန်းမှု အခြေအနေများကို ရှင်းလင်းပြသကြသည်။ ဆက်လက်၍ ဝန်ကြီးသည် ကွေ့မဘက်ကမ်း သောင်ဖြတ်ဓာတ်ငွေ့ ပိုက်လိုင်း အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဝန်ကြီးသည် ဆိပ်သာဘက်ကမ်းသို့ ရောက်ရှိရာ ယာယီ ရှင်းလင်းဆောင်၌ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးဆလိုင်းယောလက ဆိပ်သာ ဓာတ်ငွေ့ပိုက်လိုင်း ကျိုးပျက်မှု ကာကွယ်ရေးလုပ်ငန်းများအတွက် ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အထွေထွေမန်နေဂျာ (ပိုက်လိုင်း) ဦးသန်းထွဋ်က မြစ်ဖြတ်ပိုက်လိုင်းများ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်ခင်က မြစ်ဖြတ် ဓာတ်ငွေ့ပိုက်လိုင်း ကျိုးပျက်မှု ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ချက်များကို မှတ်တမ်းဓာတ်ပုံများဖြင့် ရှင်းလင်းပြသပြီး ဒုတိယဝန်ကြီးဦးဖေသန်းက ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်း မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဆိပ်သာဘက်ကမ်း မြစ်ဖြတ်ဓာတ်ငွေ့ ပိုက်လိုင်း စတင်သည့် နေရာနှင့် ပိုက်လိုင်းတစ်လျှောက် အမှတ်အသားများထားရှိပြီး ရေငုပ်စစ်ဆေးနေသည့် နေရာကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ဆိပ်သာဘက်ကမ်းမှ ရေယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာပြီး ရေငုပ်စစ်ဆေးမှုနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းကို စောင့်ကြည့်လျက်ရှိသော ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တံစုန်းနုတ်ရေယာဉ်ကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရေကျော်ရပ် ပုဇွန်တောင်ကွက်သစ်လမ်း အမှတ်(၄)နေ ဦးမောင်မောင်ကြီး-ဒေါ်မြသွင်မိသားစုတို့က ဒေါ်မြသွင်၏ (၉၆)နှစ်မြောက် မွေးနေ့အထိမ်းအမှတ် သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာဒေါ်မေဝင်းအောင်ခင်သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄-၆-၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၂၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၃၀ ၆။ မျိုးချစ်တပ်မတော်
၄:၄၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀ ၈။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် °- Scope and Methods of Social Phychology. (ဒုတိယနှစ်-စိတ်ပညာ)**
၅:၄၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၄။ **ကာတွန်းအစီအစဉ် "ရှောင်လင်လူစွမ်းကောင်းလေး" (အပိုင်း-၈)**
၆:၅၀ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "လောကဓံအတွက် လက်သီးတစ်ချက်" (အပိုင်း-၆)**
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နှင်းနဂါးသိုင်း"(အပိုင်း-၂)**
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

မန္တလေးတိုင်းမှ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ
သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များအား ဂုဏ်ပြုပူဇော်
ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် လှူဖွယ်ပစ္စည်းများလောင်းလှူ

ရန်ကုန် ဇွန် ၂၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဇွန် ၂၁ရက် မွန်းလွဲ ၂နာရီခွဲတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မဟာအတုလဝေယန် (အတုမရှိ)ကျောင်းတော်ကြီး၌ကျင်းပသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသည့် မန္တလေးတိုင်းမှ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၃၈ပါး၊ သီလရှင်ဆရာကြီးသုံးပါးနှင့် ဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ် ၁၁ ဦးတို့အား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ ထပ်ဆင့်ချီးကျူးဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဇေယျာလင်္ကာရ ပရိယတ္တိကျောင်းတိုက် မြင်းခြံဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကိတ္တိ၊ မန္တလေးတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မြတောင်တိုက် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တသာသနာဘိဝံသနှင့် တိုင်း သံဃနာယကအဖွဲ့ (ရွှေကျင်) ဥက္ကဋ္ဌ ဒဟတွေ့ာကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သုဇာတသာရတို့ အမှူးပြုသော ဆရာတော် သံဃာတော် အရှင်သူမြတ်များ၊ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များ ကြွရောက်တော်မူကြပြီး မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့်ဇနီးဒေါ်ခင်ပြုံးဝင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းနှင့်ဇနီး၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘာသာရေး အသင်းအဖွဲ့ဝင်များ၊ ဘွဲ့တံဆိပ်တော်ရ သီလရှင် ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များ၊ အလှူရှင်များတက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၃၈ပါးတို့အား အခမ်းအနားဖြင့် စုရပ်မဏ္ဍပ်မှ မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီးအတွင်းသို့ အခမ်းအနားဖြင့် ပင့်ဆောင်ကြသည်။

ထို့နောက် အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက မန္တလေးတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မြတောင်တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသာသနာဘိဝံသထံမှ ရှစ်ပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်သံဃာတော် အရှင်သူမြတ်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်ချီး မြှင့်တော်မူကြသည်။

ယင်းနောက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ဆရာတော် သံဃာတော် အရှင်သူမြတ်များအား သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန (မန္တလေးဌာနခွဲ)မှ အနုပညာရှင်များက ဂုဏဝိသိဋ္ဌပူဇာ မင်္ဂလာရတုပိုဒ်စုံဖြင့် သီဆိုတီးမှုတ်ပူဇော်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသည့် မန္တလေးတိုင်းမှ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၃၈ပါး၊ သီလရှင်ဆရာကြီးသုံးပါးနှင့် လူပုဂ္ဂိုလ် ၁၁ဦးတို့အား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ ထပ်ဆင့်ချီးကျူးဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားတွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီး ဒေါ်ခင်ပြုံးဝင်းတို့က ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသည့် မန္တလေးတိုင်းမှ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၃၈ပါး၊ သီလရှင်ဆရာကြီးသုံးပါးနှင့် လူပုဂ္ဂိုလ် ၁၁ဦး တို့အား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ထပ်ဆင့်ချီးကျူးဂုဏ်ပြုပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်ကြည်ညို ပြီး ဆရာတော်သံဃာတော်အား ဆွမ်းဆန်စိမ်းလောင်းလှူစဉ်။ (သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မန္တလေးတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မြတောင်တိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသာသနာဘိဝံသအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီး ဒေါ်ခင်ပြုံးဝင်းတို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဇေယျာလင်္ကာရ ပရိယတ္တိကျောင်းတိုက် မြင်းခြံဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တကိတ္တိအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဇနီး၊ ဒုတိယတိုင်းမှူးနှင့်ဇနီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆရာတော်သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

သီလရှင်

ဆက်လက်၍ တိုင်းမှူး၏ ဇနီးက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ရရှိကြသည့် တပ်ကုန်းမြို့နယ် သင်္ဃိရတနာ သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ပညာသင်္ဃိ၊ ပြည်ကြီးတံခွန်မြို့နယ် မြဝတီသီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ပညာဝတီနှင့် ဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရရှိသည့် အောင်မြေသာစံမြို့နယ်ရတနာပုံကျောင်း သီလရှင်စာသင်တိုက်မှ သီလရှင် ဆရာကြီး ဒေါ်သုစိန္တီတို့အား လှူဖွယ်ပစ္စည်းများ လှူဒါန်းသည်။

လူပုဂ္ဂိုလ်

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်က မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ် ရရှိကြသည့် အောင်မြေသာစံမြို့နယ် လမ်း ၈၀မှ ဦးဌေးအောင်၊ မဟာအောင်မြေမြို့နယ် စကြာနွယ်စဉ်ရပ်မှ ဦးအောင်သိန်းနှင့် အောင်မြေသာစံမြို့နယ် ရွှေလောင်းညွန့်ရပ်မှ ဦးသန့်စင်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်သည်။

ဆက်လက်၍ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်က အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်ရ ဦးသိန်းမောင်နှင့် သီရိသုဓမ္မ မဏိဇောတဓရဘွဲ့တံဆိပ်ရ ဦးအောင်သိန်းတို့အား လည်းကောင်း၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းက သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ် ရရှိကြသည့် ဦးအောင်သိန်း၊ ဦးကြည်လွင်နှင့် ဦးစိုးသိန်းတို့အား လည်းကောင်း၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူး၏ဇနီးက သီဟသုဓမ္မသင်္ဃိဘွဲ့တံဆိပ်ရရှိကြသည့် မဟာအောင်မြေမြို့နယ် ဆင်တိုင်ရပ်မှ ဒေါ်အေးနှင့် ကျောက်ပန်းတောင်းမြို့နယ် သာယာအေးရပ်ကွက်မှ ဒေါ်ခင်ညိုတို့အား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၏ ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်သည်။

ဆက်လက်၍ မန္တလေးမြို့တော်ဝန်၏ဇနီးက သီဟသုဓမ္မသင်္ဃိ ဘွဲ့တံဆိပ်ရရှိကြသည့် ဒေါ်စန်းကြူနှင့် ဒေါ်ဆွေသဇင်တို့အား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်သည်။

အမျှပေးဝေ

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဇေယျာလင်္ကာရ ပရိယတ္တိကျောင်းတိုက် မြင်းခြံဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကိတ္တိထံမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက လှူဒါန်းမှု အစုစုတို့အတွက် ရေစက်ချအနုမောဒနာတရားနာယူကြပြီး ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက ဆရာတော်သံဃာတော်အရှင်သူမြတ်များနှင့် ဘွဲ့တံဆိပ်တော်ရရှိတော်မူသည့် ဆရာတော်များ၊ သီလရှင်ဆရာကြီးများအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူကြသည်။

ဆွမ်းဆန်စိမ်း လောင်းလှူပွဲတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် တပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များက လောင်းလှူကြသည့် လှူဖွယ်ပစ္စည်း စုစုပေါင်း တန်ဖိုးမှာ ငွေကျပ် ၅၀၈၆၆၀၈ဖြစ်သည်။

(သတင်းစဉ်)

ဇွန် ၂၁ရက်က ကမာရွတ်မြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းတွင် ကျောင်းကောင်စီကတိသစ္စာခံယူပွဲကျင်းပရာ ကျောင်းကောင်စီဥက္ကဋ္ဌ ကျောင်းအုပ်ဆရာမကြီး ဒေါ်မေလှရီ အမှာစကားပြောကြားစဉ်။ (ပညာရေး)

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဂုဏ်ပြုကြိုဆိုအခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၂၃

ဇူလိုင်၂ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဗိုလ်တထောင်မြို့နယ်အတွင်းရှိ သမဝါယမအသင်းများမှ ၂၀၀၄-၂၀၀၅ခုနှစ်အတွက် ဝင်ငွေကြေညာလွှာတင်သွင်းခြင်း၊ ကြိုတင်အခွန်ငွေစုပေါင်းပေးအပ်ခြင်းနှင့် စာရင်းစစ်ကြေးငွေများပေးအပ်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၁၂နာရီခွဲတွင် ဗိုလ်တထောင်မြို့နယ် သမဝါယမဦးစီးဌာန၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြင့်စိုး၊ မြို့နယ်အခွန်ဦးစီးအရာရှိ ဦးကျော်ငြိမ်းနှင့် မြို့နယ် သမဝါယမဦးစီးအရာရှိ ဦးဝင်းကြည်တို့က အမှာစကားပြောကြားကြသည်။ (သမဝါယမ)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မာလဲနတ်တောင်ရေလှောင်တမံစီမံကိန်းနှင့် မြစ်ငယ်တံတားတည်ဆောက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၃

မန္တလေးတိုင်း မန္တလေးမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် ဇွန်၂၁ရက် နံနက်ပိုင်းတွင် မန္တလေးမြို့မှ မန္တလေး-မတ္တရာ-စဥ့်ကူးလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ နံနက် ၇နာရီတွင် မိုင်တိုင် အမှတ်(၂၀/၅)ရှိ မတ္တရာမြို့နယ် လက်ကြောင်းကြီးကျေးရွာအုပ်စု တောင်သူ ဦးသိန်းမြင့်ထွန်း၏ နှမ်းစပါးမျိုးသန့်စံပြကွက်သို့ ရောက်ရှိသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ရွှေသွယ်ရင်နှင့် မနောသုခ နှမ်းစပါးမျိုးသန့်စံပြကွက်ကို ကြည့်ရှုရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန္တလေးတိုင်းမန်နေဂျာ ဦးအောင်ကြင်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စပါးခြွေလှေ့စက်ဖြင့် နှမ်းစပါးများခြွေလှေ့မှုနှင့် သွေးသစ်လောင်းမျိုးပွားစိုက်ကွက်ကို ကြည့်ရှုစစ်ဆေးပြီး ရွှေသွယ်ရင်၊နံ့သာမွှေးနှင့် ရေဆင်းလုံးသွယ် စပါးမျိုးစပါးစေ့နှင့် စပါးနှံများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

စာမျက်နှာ ၉ ကော်လံ ၇ သို့ ✧

လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းရေး ဒုတိယအကြိမ် ညှိနှိုင်းစည်းဝေး

ရန်ကုန် ဇွန် ၂၃

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ရှေ့နေချုပ် ဦးအေးမောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်၊ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ ဒုတိယရှေ့နေချုပ်များဖြစ်ကြသော ဒေါက်တာထွန်းရှင်နှင့် ဦးမြင့်နိုင်၊ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင် ဒေါ်ထူးရော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲအရာရှိကြီးများနှင့် ဆက်စပ်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

အစည်းအဝေးတွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ ဥပဒေသစ်တစ်ရပ် အမြန်ပြဋ္ဌာန်းနိုင်ရေးအတွက် အသေးစိတ် ဆွေးနွေးညှိနှိုင်းကြသည်။ (သတင်းစဉ်)

၂၀၀၅ ခုနှစ်၊ ဇူလိုင်လ (၃)ရက် မြန်မာအမျိုးသမီးများနေ့

အမျိုးသမီးဘဝ ဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မန္တလေးတိုင်း မြစ်ငယ်တံတားသစ်နှင့် ရန်ကုန်-မန္တလေး ကားလမ်းဆက်သွယ်သည့် ခြောက်လမ်းသွား ချဉ်းကပ်လမ်း နိုင်လွန်ကတ္တရာခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror ဆောင်းပါးအညွှန်း

☆ *မြန်မာအမျိုးသမီးများ၏ ခေတ်အဆက်ဆက်တွင် ထက်ထက်မြက်မြက် ဆောင်ရွက်နိုင်ခဲ့သော အစဉ်အလာကောင်းများနှင့်အညီ ဖော်ဆောင်လျက်ရှိကြသည့် မြန်မာအမျိုးသမီး စွမ်းဆောင်ရှင်များ၏ အောင်မြင်ဖြစ်ထွန်းမှု အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းမြှင့်တင်သွားနိုင်မည်ဟုယုံကြည်။*

မောင်ဆုရှင်၏ **"မြန်မာအမျိုးသမီးတို့၏ စီးပွားစွမ်းဆောင်မှု အစဉ်အလာ"**

ဆောင်းပါး (စာမျက်နှာ-၆)